# ကြိုတင်တည်းဖြတ်ထားသော အစီရင်ခံစာ

**ဖြန့်ဝေမှု - အထွေထွေ General**
**နေ့စွဲ - ၃ စက်တင်ဘာ ၂၀၂၆ ခုနှစ်**

**မူရင်း ဘာသာ - အင်္ဂလိပ်**

---

**ကုသလမဂ္ဂ လူ့အခွင့်အရေး ကောင်စီ**
**ခြောက်ဆယ့်သုံးကြိမ်မြောက် အစည်းအဝေး**
၇ ရက်၊ စက်တင်ဘာလ – ၉ ရက်၊ အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်
အစီအစဉ် အမှတ် ၂
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ နှစ်ပတ်လည် အစီရင်ခံစာနှင့်**
**ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးရုံးနှင့်**
**ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာများ**

# မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ မွတ်စလင်များနှင့် အခြား လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ

## ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာ*

*အနှစ်ချုပ်*

ဤအစီရင်ခံစာကို လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၆/၁ အရ ရေးသား ပြုစုထားခြင်း ဖြစ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုင်ရာ အကြံပြုချက်များ အပါအဝင် မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး အဖွဲ့၏ အကြံပြုချက်များအား အကောင်အထည် ဖော်ဆောင်ရွက်မှုနှင့် ရိုဟင်ဂျာ မူစလင်များနှင့် အခြားလူနည်းစုများ အပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ တိုးတက်ဖြစ်ပေါ်မှု အပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး ရုံး၏ စောင့်ကြည့်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်များမှ ရရှိသော တွေ့ရှိချက်များကို တင်ပြထားပါသည်။

---

* နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများကို ထည့်သွင်းဖော်ပြနိုင်ရန်အတွက် ယခုအစီရင်ခံစာကို သတ်မှတ်ရက်ထက် နောက်ကျ၍ တင်သွင်းခဲ့ခြင်းဖြစ်သည်။

# ၁။ နိဒါန်း

၁။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ဆုံးဖြတ်ချက် အမှတ် ၅၆/၁ အရ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက တာဝန်အပ်နှင်းထားသော လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေး အဖွဲ့၏ တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုင်ရာ ကိစ္စရပ်များ အပါအဝင် အကြံပြုချက်များ အကောင်အထည် ဖော်ဆောင်မှုကို စောင့်ကြည့်ရန်နှင့် ဆက်လက် ဆောင်ရွက်ရန်၊ ရိုဟင်ဂျာ မူစလင်များနှင့် အခြား လူနည်းစုများ အပါအဝင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ တိုးတက် ဖြစ်ပေါ်မှုများကို ဆက်လက် စောင့်ကြည့် စစ်ဆေးရန်နှင့် ကောင်စီ၏ ခြောက်ဆယ့် သုံးကြိမ်မြောက် အစည်းအဝေးသို့ အစီရင်ခံစာ တင်ပြရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးအား တောင်းဆိုခဲ့သည်။

၂။ ဤအစီရင်ခံစာသည် ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှ ၂၀၂၆ ခုနှစ် မေလ ၃၁ ရက် ကာလ အထိ အကျုံးဝင်ပြီး အစီရင်ခံ တင်ပြသည့် ကာလအတွင်း ပဋိပက္ခတွင် ပါဝင်ပတ်သက်သူ အားလုံးက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများကို မှတ်တမ်းတင်ထားပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် အရပ်သားများအား အကာအကွယ် ပေးရေးကို အလေးပေး ဖော်ပြလျက် ၂၀၂၁ ခုနှစ် မြန်မာစစ်တပ်၏ အာဏာသိမ်းမှုကြောင့် ပိုမို ဆိုးရွားလာသော လူ့အခွင့်အရေး အကျပ်အတည်းကို ဆန်းစစ် လေ့လာထားပါသည်။ ဤအစီရင်ခံစာတွင် အာရက္ခ တပ်တော်နှင့် မြန်မာစစ်တပ် (စစ်တပ်) က ရိုဟင်ဂျာများ အပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်မှုများကို ဆန်းစစ် ဖော်ပြထားပြီး အဆိုပါ လူမှု အသိုင်းအဝန်းမှ ရင်ဆိုင်နေရသည့် များလှသည့် အန္တရာယ်များကိုလည်း အသေးစိတ် ဖော်ပြထားသည်။

၃။ ထို့အပြင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးသည် ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့၌ စည်းမဲ့ကမ်းမဲ့ သတ္တုတူးဖော်သည့် လုပ်ငန်းများ၊ အထူးသဖြင့် မြေရှား သတ္တု တူးဖော်သည့် လုပ်ငန်းများ တိုးချဲ့လာခြင်းနှင့် ဆက်စပ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ကျူးလွန်မှုများနှင့် စိုးရိမ်ဖွယ်ရာ အခြေအနေများကိုလည်း ဆန်းစစ်ထားပါသည်။[1] ဤအစီရင်ခံစာတွင် လုံခြုံရေးနှင့် သဘာဝ ပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ရေး ဆိုင်ရာ အကိစ္စရပ်များမှ ပေါ်ပေါက်လာသော လူ့အခွင့်အရေး ဆိုင်ရာ စိုးရိမ်စဖွယ် အခြေအနေများ ထပ်ခါတလဲလဲ ဖြစ်ပေါ်နေသည့် ပုံစံများကို ဖော်ထုတ်ထားပြီး အထူးသဖြင့် အမျိုးသမီးများ၊ အလုပ်သမားနှင့် ဒေသခံ လူမှု အသိုင်းအဝန်းများ စသည့် များစွာသော အုပ်စုများ အပေါ် အချိုး မညီမျှစွာ သက်ရောက်နေသည့် ဆိုးကျိုးများအား မီးမောင်းထိုး ဖော်ပြထားပါသည်။

၄။ ဤအစီရင်ခံစာတွင် အရပ်သားများကို အကာအကွယ် ပေးရေးနှင့် လူသားချင်း စာနာ ထောက်ထားမှု အကူအညီ ပေးအပ်ရေး ကဏ္ဍ အားကောင်းရန်နှင့် မြန်မာပြည်သူများ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အားလုံးကို အပြည့်အဝ ရရှိခံစားနိုင်ရေး အတွက် ကူညီပံ့ပိုး ပေးနိုင်ရန် စစ်တပ်၊ အမျိုးသား ညီညွတ်ရေး အစိုးရ၊ အခြား တာဝန်ရှိသူများ၊ အရှေ့တောင် အာရှ နိုင်ငံများ အသင်း (အာဆီယံ) အဖွဲ့ဝင်များ အပါအဝင် ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများမှ အရေးယူ ဆောင်ရွက်ကြရန် အကြံပြုချက်များ ပါဝင်သည်။

[1] ‘မြေရှား သတ္တု’ (Rare earths) ဆိုသည်မှာ လန်သနိုက် (lanthanides) ၁၅ ခုနှင့်အတူ စကန်းဒီယမ် (scandium) နှင့် အစ်ထရီယမ် (yttrium) တို့ ပါဝင်သည့် သတ္တုဒြပ်စင် ၁၇ ခု အစုအဝေးကို ရည်ညွှန်းပါသည်။ https://iupac.org/wp-content/uploads/2016/07/Red_Book_2005.pdf တွင် ကြည့်ပါ။

# ၂။ နည်းနာများ

၅။ ဤအစီရင်ခံစာပါ တွေ့ရှိချက်များသည် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ၏ စောင့်ကြည့်ခြင်းနှင့် စိစစ် အတည်ပြုခြင်း ဆိုင်ရာ ဆောင်ရွက်ချက်များ အပေါ် အခြေခံ ထားပါသည်။ အခြားနည်းဖြင့် ဖော်ပြထားခြင်း မရှိပါက ဤအစီရင်ခံစာသည် OHCHR ၏ နည်းနာ စံချိန်စံနှုန်းများနှင့် အညီ ဆောင်ရွက်ခဲ့သော စောင့်ကြည့်လေ့လာမှုများ အပေါ် အခြေပြု ထားခြင်း ဖြစ်ပါသည်။ ဘဏ္ဍာရေး အရင်းအမြစ် ကန့်သတ်ချက်များသည် သက်ဆိုင်ရာ စံနှုန်းများ နှင့်အညီ အချက်အလက်များ စုဆောင်းစိစစ်နိုင်ရေး ဆိုင်ရာ OHCHR ၏ စွမ်းဆောင်ရည် အပေါ် သက်ရောက်မှု ရှိခဲ့သဖြင့် ဤအစီရင်ခံစာတွင် ထင်ဟပ် ဖော်ပြနိုင်သည့် ဖြစ်စဉ် အရေအတွက်နှင့် ချိုးဖောက်မှု ဆိုင်ရာ ပုံစံများကို မှတ်တမ်းတင်နိုင်မှု အပေါ် အကန့်အသတ် ဖြစ်စေခဲ့ပါသည်။

၆။ OHCHR အနေဖြင့် “ထိခိုက်နစ်နာမှု မရှိစေရေး” (do no harm) အခြေခံမူကို အပြည့်အဝ လေးစားလိုက်နာရန် ဆက်လက် ဦးစားပေးခဲ့သည်နှင့်အညီ လက်စားချေ လက်တုံ့ပြန်ခံရနိုင်သည့် အန္တရာယ်များကို ကာကွယ်ရန်အတွက် သတင်းရင်းမြစ်များ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြခြင်း၊ ပထဝီဝင်ဆိုင်ရာ ရည်ညွှန်းချက်များနှင့် သီးခြား ပါဝင်ပတ်သက်သူများ၏ လုပ်ဆောင်ချက်များဟု တိတိပပ ညွှန်းဆို ဖော်ပြခြင်း တို့ကို အချို့သော ဖြစ်စဉ်များတွင် ချန်လှပ်ထားပါသည်။ သက်ဆိုင်ရာ ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ဟု ယုံကြည်ရန် ခိုင်လုံသော အကြောင်းပြချက်များ ရှိသည့်နေရာများတွင် ဖြစ်ရပ်များနှင့် ပုံစံများကို အချက်အလက် ကျကျ ဆုံးဖြတ် အတည်ပြုခဲ့ပါသည်။ မြန်မာ စစ်တပ်၏ အင်တာနက် ဖြတ်တောက်မှုများနှင့် အခြား ကန့်သတ်ချက်များကြောင့် ချိုးဖောက်မှုများကို ဘက်စုံ ပြည့်စုံစွာ မှတ်တမ်းတင်နိုင်သည့် စွမ်းဆောင်ရည်အပေါ် အဟန့်အတား ဖြစ်စေခဲ့သဖြင့် အတည် ပြုနိုင်ခဲ့သော သေဆုံးမှု အရေအတွက်သည် ပကတိ အခြေအနေထက် လျော့နည်းနေပါသည်။

၇။ တွေ့ရှိချက်များ အားကောင်း ခိုင်မာစေရန်အတွက် OHCHR သည် နစ်နာသူများ၊ မျက်မြင် သက်သေများ၊ အခြား ပင်မ သတင်းရင်းမြစ်များ၊ လူနည်းစု အသိုင်းအဝန်းများနှင့် မေးမြန်းမှုပေါင်း ၁၉၈ ကြိမ် ပြုလုပ်ခဲ့ပြီး ယင်းမေးမြန်းမှုများတွင် လျှို့ဝှက်ကုဒ် စနစ်သုံး ပလက်ဖောင်းများမှ တစ်ဆင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇား ဒေသသို့ ကွင်းဆင်း လေ့လာသည့် ခရီးစဉ်၌ လည်းကောင်း မေးမြန်းခဲ့သည့် ရိုဟင်ဂျာများလည်း ပါဝင်ပါသည်။ ထို့အပြင် OHCHR သည် ဂြိုဟ်တု ဓာတ်ပုံများကို ပြန်လည် စိစစ်ခဲ့ပြီး စစ်တပ်နှင့် အမျိုးသား ညီညွတ်ရေးအစိုးရထံသို့ မေးခွန်းလွှာများ ပေးပို့ခဲ့ပါသည်။

၈။ သတ္တုတူးဖော်ခြင်း၏ လူ့အခွင့်အရေးဆိုင်ရာ သက်ရောက်မှုများနှင့် စပ်လျဉ်း၍ OHCHR သည် ကျွမ်းကျင်သူများ၏ အစီရင်ခံစာများ၊ ရရှိနိုင်သော အချက်အလက်များနှင့် ဂြိုဟ်တု ဓာတ်ပုံများကို စိစစ်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဒေသခံ အသိုင်းအဝန်းများ၏ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့် ကျန်းမာရေး ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ၊ သုတေသနနှင့် မူဝါဒရေးရာ အဖွဲ့များ (think tanks) နှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ အပြင် သတင်းထောက်များနှင့် ဆွေးနွေး တိုင်ပင်မှုပေါင်း ၂၂ ကြိမ် ပြုလုပ်ခဲ့ပါသည်။ OHCHR သည် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့လည်း မေးခွန်းလွှာများ ပေးပို့ခဲ့ပါသည်။

# ၃။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေ

၉။ အရပ်သားများသည် စစ်တပ်၏ ညှာတာမှု ကင်းမဲ့သော တိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှု၊ ဖိနှိပ်ချုပ်ချယ်မှုတို့၏ ဆက်စပ်သော သက်ရောက်မှုများကို စဉ်ဆက်မပြတ် ကြုံတွေ့နေရပါသည်။ တစ်ချိန်တည်းမှာပင် စစ်တပ်သည် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုနှင့် နိုင်ငံရေး အရ တရားဝင်မှု ရရှိရေး အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။[2] အစီရင်ခံစာ ရေးသား ပြုစုသည့် ကာလ အတွင်း ပဋိပက္ခ အခင်းအကျင်း၌ အပြောင်းအလဲများ ရှိခဲ့ပါသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း တစ်ခု ဖြစ်သည့် ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်က မြေပြင်တွင် အသာစီး ရရှိပြီးနောက် စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့များထံသို့ လက်နက် သို့မဟုတ် အခြား အကူအညီများ ပံ့ပိုးပေးတော့မည် မဟုတ်ကြောင်း ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပြီးနောက် စစ်တပ်၏ လက်နက်နှင့် လူအင်အား ဆိုင်ရာ ဗျူဟာမြောက် အားသာချက်ကို မြန်မာ စစ်တပ် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များ၏ ခုခံတွန်းလှန်နိုင်စွမ်းမှာ သိသိသာသာ အဟန့်အတား ဖြစ်ခဲ့ရပါသည်။[3] စစ်တပ်၏ တပ်ရင်းတပ်ဖွဲ့များသည် အဓမ္မ စစ်မှုထမ်း ခေါ်ယူ ခံထားရသည့် တပ်သား ၁၂၅,၀၀၀ ကျော်ကို စစ်မြေပြင်သို့ စေလွှတ်ခြင်းနှင့် ၂၀၂၆ ခုနှစ် မေလတွင် အရပ်သား လူထု အများအပြား နေထိုင်ရာ ဒေသများ၌ လေကြောင်း တိုက်ခိုက်မှုများ တိုးမြှင့်ခဲ့ခြင်းဖြင့် မြေပြင်၌ စစ်ရေး အားသာချက်များ ရရှိခဲ့ပါသည်။ ထိုအချက်ကြောင့် မြန်မာ စစ်တပ်သည် နယ်မြေ အချို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပြီး မြို့နယ် ၆၀ တွင် အရေးပေါ် အခြေအနေနှင့် စစ်အုပ်ချုပ်ရေး သက်တမ်း တိုးမြှင့်ခဲ့ပါသည်။

၁၀။ အဆိုပါ အပြောင်းအလဲများသည် လူ့အခွင့်အရေး အခြေအနေကို ပိုမို ဆိုးရွားစေခဲ့ပြီး လုံခြုံရေး ပိုမို ကင်းမဲ့လာကာ နေရပ်စွန့်ခွာ ထွက်ပြေးရမှုများကို ပိုမို များပြားစေခဲ့ရုံမျှမက မောပန်း နွမ်းနယ်နေပြီး ဖြစ်သော အရပ်သား ပြည်သူ လူထုမှာ အရေးပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပိုမို လိုအပ်လာခဲ့ပါသည်။ ယုံကြည် စိတ်ချရသော သတင်း အရင်းအမြစ်များ၏ ဖော်ပြချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ် မေလ ၂၁ ရက် အထိ စစ်တပ်က အမျိုးသမီး ၁,၇၇၄ ဦးနှင့် ကလေးသူငယ် ၁,၀၇၄ ဦး အပါအဝင် အရပ်သား ပြည်သူ ၈,၀၇၅ ဦးကို သတ်ဖြတ်ခဲ့ကြောင်း သိရှိရပါသည်။[4] အမျိုးသမီး ၃၈၂ ဦးနှင့် ကလေးသူငယ် ၂၅၅ ဦး အပါအဝင် အရပ်သား ၁,၂၄၁ ဦးထက်မနည်း သတ်ဖြတ်ခံရမှုသည် ယခု အစီရင်ခံစာ ရေးသား ပြုစုသည့် ကာလအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ သတင်း အရင်းအမြစ်များက ထပ်မံ အစီရင်ခံထားပါသည်။ ယင်းတို့အနက် အမျိုးသမီး ၂၇၇ ဦးနှင့် ကလေးသူငယ် ၂၀၆ ဦး အပါအဝင် အရပ်သား ၈၄၅ ဦးမှာ လေယာဉ်၊ ဒရုန်း၊ ရဟတ်ယာဉ်၊ ပါရာမိုတာနှင့် ဂျိုင်ရို ကော့ပတာများဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်ပါသည်။ မြန်မာ စစ်တပ်၏ ကန့်သတ် ချုပ်ချယ်မှုကြောင့် အရပ်သား ထောင်ပေါင်းများစွာ သေဆုံးမှုကို အတည်ပြုနိုင်ရေး အတွက် အဟန့်အတား ဖြစ်ခဲ့သဖြင့် အဆိုပါ အချက်အလက်များသည် ပကတိ မြေပြင် အခြေအနေထက် လျော့နည်းနေပါသည်။ အများသူငါ လေ့လာနိုင်သော သတင်း အရင်းအမြစ်များ အရ စစ်အာဏာ သိမ်းချိန်မှစ၍ အရပ်သား ပြည်သူ ၁၅,၇၃၁ ဦးအထိ သတ်ဖြတ်ခံခဲ့ရနိုင်ပြီး ယခု အစီရင်ခံစာ ရေးသားပြုစုသည့် ကာလ အတွင်း ပြည်သူ ၃,၁၀၂ ဦး သတ်ဖြတ်ခံခဲ့ရနိုင်ကြောင်း သိရှိရပါသည်။[5]

---

[2] A/HRC/62/51

[3] https://english.shannews.org/archives/28457

[4] https://coup.aappb.org/data-explorer

[5] https://www.coar-global.org/weekly-analytics-hub

၁၁။ လေကြောင်း တိုက်ခိုက်မှုများသည် အရပ်သား သေဆုံးရမှု၏ အဓိက အကြောင်းရင်း အဖြစ် ဆက်လက် တည်ရှိနေပြီး ထိုအချက်ကြောင့် စစ်မက် ဖြစ်ပွားမှု ရပ်တန့်ရန်နှင့် အရပ်သားများအား ကာကွယ် စောင့်ရှောက်ရေးကို အားပေးမြှင့်တင်ရန် တောင်းဆိုချက် အားလုံးကို မြန်မာ စစ်တပ်က လစ်လျူရှုထားကြောင်း လေကြောင်းတိုက်ခိုက်မှုများက ပြသနေပါသည်။ ကမ္ဘာတဝှမ်း ကြုံတွေ့ ရင်ဆိုင်ရသည့် စက်သုံးဆီ အကျပ်အတည်းသည် မြန်မာနိုင်ငံ၌ သက်ရောက်မှု ရှိသော်လည်း လေကြောင်း တိုက်ခိုက်မှု ကြိမ်နှုန်း အလွန်မြင့်မားနေဆဲ ဖြစ်ရာ အများသူငါ လေ့လာနိုင်သော သတင်း အရင်းအမြစ်များ အရ လေကြောင်း တိုက်ခိုက်မှု ၂,၅၉၂ ကြိမ်ထက်မနည်းကို မှတ်တမ်း တင်ထားပြီး ယင်းမှာ လွန်ခဲ့သော ၁၂ လထက် ၁၇ ရာခိုင်နှုန်း ပိုမို များပြားခဲ့ပါသည်။ မီးရှို့ ဖျက်ဆီးခြင်းကို စစ်ဗျူဟာ တစ်ရပ် အဖြစ် အသုံးချမှုမှာလည်း မြင့်တက်လာခဲ့ရာ အများသူငါ လေ့လာနိုင်သော သတင်း အရင်းအမြစ်များကို ဆန်းစစ်ချက်အရ ယခင် အစီရင်ခံသည့် ကာလ အတွင်း မီးရှို့ ဖျက်ဆီးမှုပေါင်း ၄၀၅ ကြိမ် ရှိခဲ့ရာမှ ယခု အစီရင်ခံစာ ရေးသား ပြုစုသည့် ကာလ အတွင်း မီးရှို့ ဖျက်ဆီးမှုပေါင်း ၅၉၇ ကြိမ် ရှိခဲ့ကြောင်း ပြသနေပါသည်။ စစ်ကိုင်းနှင့် မန္တလေး တိုင်းဒေသကြီးတွင် ဆုံးရှုံးမှု အများဆုံးဖြစ်ပြီး စစ်ကိုင်းတိုင်းတွင် ၁၅၂ ကြိမ်နှင့် မန္တလေးတိုင်းတွင် ၁၄၇ ကြိမ် အထိ ဖြစ်ပွားခဲ့ပါသည်။

၁၂။ စစ်ကိုင်းတိုင်းနှင့် အလယ်ပိုင်း အညာဒေသသည် အရပ်သားများ အတွက် အန္တရာယ် အရှိဆုံး ဒေသအဖြစ် အတည်ပြုခဲ့ပြီး ယုံကြည် စိတ်ချရသော သတင်းရင်းမြစ်များ အရ အတည်ပြုနိုင်သည့် သေဆုံးသူ ၃၈၈ ဦးထက်မနည်း ရှိခဲ့ကာ မကွေးတိုင်း၌ သေဆုံးသူ ၁၃၅ ဦးဖြင့် ဒုတိယ အများဆုံး ဖြစ်ခဲ့ပါသည်။ သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပဋိပက္ခ ဖြစ်ပွားမှုများ တိုးမြင့်လာခဲ့ရာ မြန်မာနိုင်ငံ တစ်ဝန်းရှိ လူနည်းစု အသိုက်အဝန်းများ အပါအဝင် ပြည်သူလူထုသည် အသက် အန္တရာယ် ဖြစ်စေသော စိုးရိမ်ဖွယ်ရာ အခြေအနေများကို ဆက်တိုက် ရင်ဆိုင်နေရပါသည်။ အမှန်တကယ် သက်ရောက်မှုရှိသော အရေအတွက်မှာ ပိုမို မြင့်မားနိုင်သည်ဟု ယုံကြည်ရပြီး နိုင်ငံတွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းရသူ အရေအတွက်မှာ ၃.၆ သန်းအထိ မြင့်တက်လာခဲ့ကာ လူဦးရေ ၁၂.၄ သန်းသည် ပြင်းထန်သော စားနပ်ရိက္ခာ မလုံလောက်မှုဒဏ်ကို ရင်ဆိုင်နေရကြောင်းနှင့် ငယ်ရွယ်သော ကလေးသူငယ်နှင့် မိခင်ပေါင်း ၄၀၀,၀၀၀ မှာ ပြင်းထန်သော အာဟာရ ချို့တဲ့မှုကို ခံစားနေရကြောင်း အစီရင်ခံထားပါသည်။[6] စစ်တပ်က လူသားချင်း စာနာထောက်ထားမှု အကူအညီ ပေးခွင့်ကို ငြင်းပယ်ခြင်းနှင့် ၎င်းအကူအညီ ပေးအပ်ခွင့်အား လက်နက် သဖွယ် အသုံးချခြင်း တို့ကြောင့် လူသားချင်း စာနာထောက်ထားမှု အခြေအနေကို ပိုမို ဆိုးရွားစေခဲ့ပြီး တိုင်းရင်းသား ဒေသများသည် ထိခိုက်မှု အများဆုံး ဖြစ်ပါသည်။ ဆေးဝါး ပြတ်လပ်ခြင်း၊ ဆေးကုသရာ ဌာနေ/ အဆောက်အအုံများနှင့် ကျန်းမာရေး ဝန်ထမ်းများအပေါ် ပစ်မှတ်ထား တိုက်ခိုက်မှုများ ရှိနေခြင်း တို့ကြောင့် ကျန်းမာရေး အတွက် ကြိုတင် ပြင်ဆင်မှု လွန်စွာ နည်းပါးနေချိန်တွင် ရေမှ တစ်ဆင့် ဖြစ်ပွားသော ရောဂါ၊ အရေပြား ရောဂါ၊ ၄က်ဖျား ရောဂါနှင့် ဝက်သက် ရောဂါ ကူးစက်မှုများ ပိုမို မြင့်မားနိုင်ကြောင်း ကျန်းမာရေး ပညာရှင်များက သတိပေးခဲ့သည်။ အများသူငါ လေ့လာနိုင်သော သတင်း ရင်းမြစ်များ အရ ယခု အစီရင်ခံစာ ရေးသား ပြုစုသည့် ကာလ အတွင်း ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍအပေါ် တိုက်ခိုက်သည့် ဖြစ်စဉ် ၂၂၁ ကြိမ် ရှိကြောင်း မှတ်တမ်း တင်ထားပြီး ၎င်းတို့ အနက် တိုက်ခိုက်မှုပေါင်း ၉၀ မှာ လေကြောင်း တိုက်ခိုက်မှုများ ဖြစ်ကြပါသည်။[7]

[6] https://www.wfp.org/countries/myanmar; https://www.wfp.org/news/wfp-warns-myanmar-faces-rising-displacement-and-unacceptable-hunger-levels-2026#:~:text=More%20than%20400%2C000%20young%20children,plain%20rice%20or%20watery%20porridge

[7] https://data.humdata.org/dataset/myanmar-attacks-on-aid-operations-education-health-and-protection

၁၃။ အတင်းအကျပ် စစ်မှုထမ်းစေခြင်းသည် လူ့အခွင့်အရေး အကျပ်အတည်း ပိုမို ဆိုးရွားခြင်း၏ အဓိက အကြောင်းရင်း တစ်ချက် ဖြစ်ပါသည်။ စစ်တပ်သည် ၂၀၂၄ ခုနှစ်တွင် စစ်သား စုဆောင်းခြင်း လုပ်ငန်းစဉ်ကို စတင်ခဲ့ပြီးနောက် တစ်ကြိမ်လျှင် လူငယ် ၅,၀၀၀ ပါဝင်သော စစ်သင်တန်း ၂၅ သုတ်ဖြင့် စစ်မှုထမ်း ခေါ်ယူခဲ့ကြောင်း အစီရင်ခံ တင်ပြခဲ့ပါသည်။ မြန်မာ စစ်တပ်သည် လူသစ် စစ်သားများကြောင့် စစ်မြေပြင်တွင် သိသာထင်ရှားသော အင်အား သာလွန်မှု ရရှိခဲ့ပြီး နယ်မြေများ ပြန်လည် သိမ်းပိုက်နိုင်ရေးအတွက် ကြိုးပမ်းရာတွင် ထည့်သွင်း တွက်ချက်စရာ အချက် တစ်ချက် ဖြစ်လာခဲ့ပါသည်။ မြန်မာ စစ်တပ်၏ ထင်သလို စစ်မှုထမ်းခိုင်းသည့် အလေ့အထကြောင့် လူငယ်နှင့် မိသားစုဝင်များ၏ လူနေမှု ဘဝတွင် အကြောက်တရား ကြီးစိုးခဲ့သည်။ ထောင်ပေါင်းများစွာသော လူငယ်များသည် ပြည်ပနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း သိရှိရပြီး စီးပွားရေး လုပ်ငန်းများ အတွက် လုပ်သားအင်အားစု များစွာ ဆုံးရှုံးခဲ့ပါသည်။ စစ်တပ်၏ တိုးပွားလာသော လူအင်အားကို တုံ့ပြန်ရန်အတွက် စစ်တပ်ဆန့်ကျင်ရေး လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် လူငယ်၊ အသက် မပြည့်သေးသူ၊ ရိုဟင်ဂျာ အပါအဝင် အမျိုးသမီးများနှင့် မူးယစ်ဆေးဝါး သုံးစွဲသူများကို အဓမ္မ စစ်မှုထမ်းစေခဲ့သဖြင့် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေး အတွက် စိုးရိမ်မှုများ ပိုမို မြင့်တက်လာစေခဲ့ပါသည်။

၁၄။ ထိုသို့ အဓမ္မ စစ်မှုထမ်း ဆင့်ခေါ်ခြင်းသည် ဖမ်းဆီးမှု ပုံစံများကို ပြောင်းလဲခဲ့ပြီး အရပ်သား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိုးရိမ်ဖွယ်ရာ အခြေအနေကို ပိုမို ဆိုးရွားစေခဲ့သည်။ ယုံကြည် စိတ်ချရသော သတင်းအရင်းအမြစ်များ၏ ဖော်ပြချက်အရ အာဏာသိမ်းချိန်မှစ၍ အမျိုးသမီး ၆,၃၃၄ ဦး အပါအဝင် လူဦးရေ ၃၁,၁၀၁ ဦးသည် နိုင်ငံရေး အကြောင်းပြချက်များဖြင့် မတရား ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရပြီး အနည်းဆုံး ၁၄,၂၇၈ ဦးမှာ လွန်စွာ ချို့တဲ့သည့် အခြေအနေ အောက်တွင် ၎င်းတို့၏ အခြေခံ လွတ်လပ်ခွင့်များကို ချိုးဖောက်ခံရလျက် အကျဉ်းထောင်များ အတွင်း အတိ ဒုက္ခ ရောက်နေကြရပါသည်။ သို့သော် ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များ၏ ဖော်ပြချက် အရ အတည်ပြုနိုင်သည့် တရားဝင် ဖမ်းဆီးမှု အရေအတွက်သည် ၂၀၂၄ ခုနှစ် ဇွန်လမှ ၂၀၂၅ ခုနှစ် မေလ ကာလ အတွင်း ၈၇၂ ကြိမ် ရှိခဲ့ရာမှ ယခု အစီရင်ခံစာ ရေးသားပြုစုသည့် ကာလ အတွင်း ၂၃၄ ကြိမ်သို့ လျော့ကျသွားကြောင်း သိရှိရပါသည်။ အဆိုပါ ဖမ်းဆီးမှု လျော့ကျသွားမှုများနှင့် စပ်လျဉ်း၍ မေးမြန်းခံရသူများက မတရား နိုင်ငံရေး ပုဒ်မများဖြင့် ဖမ်းဆီးပြီးနောက် လူငယ်များကို ဆက်လက် ထိန်းသိမ်းထားခြင်း မပြုဘဲ စနစ်တကျ စစ်မှုထမ်းခိုင်းခြင်းများ ပြုလုပ်နေခြင်းကြောင့် ဖြစ်သည်ဟု တညီတညွတ်တည်း ထောက်ပြပြောဆိုခဲ့ကြပါသည်။

၁၅။ စစ်တပ်သည် အများပြည်သူ ရုံးပိတ်ရက်များနှင့် ဘာသာရေး အခါကြီး ရက်ကြီးနေ့များတွင် လွတ်ငြိမ်းချမ်းသာခွင့်များကို ထုတ်ပြန်ကြေညာခဲ့သော်လည်း မပြောပလောက်သည့် နိုင်ငံရေး အကျဉ်းသား အနည်းငယ်ကိုသာ လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကာ လွတ်မြောက်မှု အချို့ ရှိခဲ့သည်။ လွတ်ငြိမ်းချမ်းသာခွင့် ရရှိထားသော အကျဉ်းသား အချို့ကို ပြန်မလွှတ်မီ ထပ်မံ ဖမ်းဆီးသည့် ဖြစ်စဉ် အများအပြား ရှိကြောင်း အစီရင်ခံ တင်ပြမှုများ ရှိခဲ့ပါသည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် မြန်မာ စစ်တပ်သည် နိုင်ငံတော် သမ္မတ ဦးဝင်းမြင့်အား ခံဝန်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား လူမသိ သူမသိ နေရာတစ်ခုမှ အခြား နေရာတစ်ခုသို့ ရွှေ့ပြောင်းခဲ့ကြောင်း ကြေညာခဲ့ပါသည်။ လက်ရှိအချိန်တွင် နိုင်ငံတော် သမ္မတအား အိမ်အကျယ်ချုပ် ကဲ့သို့ အခြေအနေ၌ ထိန်းသိမ်းထားပြီး နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်မှာမူ သက်ရှိ ထင်ရှားရှိကြောင်း သက်သေပြရန် တောင်းဆိုမှုများ ရှိသော်လည်း ပြင်ပနှင့် အဆက်အသွယ် မရဘဲ ဆက်လက် ဖမ်းဆီးထိန်းသိမ်းခံရဆဲ ဖြစ်သည်။

၁၆။ မြန်မာ စစ်တပ်သည် အင်တာနက်၊ ဖုန်းလိုင်းနှင့် လူချင်း ဆက်သွယ်မှုများကို စနစ်တကျ ထောက်လှမ်းနိုင်သည့် နောက်ယောင်ခံ စောင့်ကြည့်ရေး စည်းမျဉ်းသစ်များကို တစ်ဖက်သက်

ပြဋ္ဌာန်းခြင်း၊ ဉာဏ်ရည်တု နည်းပညာ (Artificial Intelligence) နှင့် မျက်နှာ မှတ်သားသည့် နည်းပညာ (Facial Recognition) များကို အသုံးပြုခြင်းမှတစ်ဆင့် နိုင်ငံရေး အတိုက်အခံများကို ခြေရာခံ ဖော်ထုတ်၍ မတရား ဖမ်းဆီးရန်နှင့် လူငယ်များအား အဓမ္မ စစ်မှုထမ်းခိုင်းရန် အတွက် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ခဲ့ပါသည်။ အထူးသဖြင့် စိုးရိမ်ဖွယ်ရာ ကောင်းသည်မှာ ပတ်စ်ပို့/ နိုင်ငံကူး လက်မှတ် ထုတ်ပေးခြင်း ဆိုင်ရာ စည်းမျဉ်းသစ်များ ထုတ်ပြန်လိုက်ခြင်း ဖြစ်ပြီး ၎င်းသည် မြန်မာ နိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ဥပဒေ အရ ကြီးမားသော အန္တရာယ်ကို ဖြစ်ပေါ်စေခဲ့သည်။ ခေတ်မီဆန်းသစ်ရေးနှင့် အမျိုးသား လုံခြုံရေး မူဝါဒများ အဖြစ် အကြောင်း ပြသည့် အဆိုပါ ပတ်စ်ပို့ စည်းမျဉ်းသစ်သည် သွားလာလှုပ်ရှားခွင့် အပေါ် ကန့်သတ်ချက်များလာပြီး နောက်ယောင်ခံ စောင့်ကြည့်ခြင်းများ ပိုမို ကျယ်ပြန့်လာနိုင်သည့် အန္တရာယ် ရှိသော စိုးရိမ်ဖွယ်ရာ ကိုယ်ရေး ဇီဝဆိုင်ရာ အချက်အလက် (Biometric) ကောက်ယူမှုများကို စတင်ခဲ့ကာ အတိုက်အခံဟု ယူဆရသူများ အပေါ် လက်စားချေ တုံ့ပြန်မှုအား လွယ်ကူစေပါသည်။ အိမ်နီးချင်း နိုင်ငံများတွင် အကာအကွယ် ရရန် ကြိုးပမ်းကြသူများသည် ခရီးသွား စာရွက်စာတမ်းများအား သက်တမ်း မတိုးနိုင်ပါက အဓမ္မ ပြန်လည်ပို့ဆောင်ခံရခြင်း (Refoulement) အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ပါသည်။ နိုင်ငံတွင်းမှ ထွက်ပြေးတိမ်းရှောင်ကြသူများနှင့် ပြည်ပတွင် တရားဝင် အလုပ်လုပ်ကိုင်ကြသူ သန်းပေါင်းများစွာသည် စာရွက်စာတမ်း အထောက်အထား မရှိသူများ ဖြစ်လာမည့် အန္တရာယ် ရှိနေပြီး ယင်းအချက်ကြောင့် ၎င်းပုဂ္ဂိုလ်များ၏ ဘေးကင်းလုံခြုံရေး၊ ဥပဒေ လမ်းကြောင်း အရ ရပ်တည်နိုင်မှုနှင့် အခြေခံ ဝန်ဆောင်မှုများအား ရယူနိုင်မှု အပေါ် ကြီးမားသော နောက်ဆက်တွဲ ဆိုးကျိုးများ သက်ရောက်စေပါလိမ့်မည်။

၁၇။ မြန်မာ စစ်တပ်သည် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုများကို အဓိက ကျူးလွန်သူ အဖြစ် အများအားဖြင့် သတ်မှတ်ထားပြီး တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သက်သေ အထောက်အထား အခြေပြု ကိန်းဂဏန်း အချက်အလက်များ မရရှိသေးသော်လည်း အရေးတကြီး ဖြေရှင်းရမည့် စိုးရိမ်ဖွယ်ရာ အရေးကိစ္စရပ် အဖြစ် ဆက်လက် တည်ရှိနေပါသည်။ အရပ်ဘက် လူမှု အဖွဲ့အစည်းများ၏ ဖော်ပြချက် အရ အမျိုးသမီးများသည် အန္တရာယ်များသော အခြေအနေကို ဆက်လက် ရင်ဆိုင်နေရကြောင်း သိရှိရပြီး ယင်းတွင် ပဋိပက္ခ ဖြစ်ပွားရာ ဒေသများ၊ အိမ်တွင်း ပတ်ဝန်းကျင်နှင့် အကျဉ်းစခန်းများ အပါအဝင် နေရာ အနှံ့၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် အနိုင်ကျင့် စော်ကားမှု၊ လူကုန်ကူးမှု၊ အဓမ္မ ထိမ်းမြားစေမှု အပြင် ပုဂ္ဂိုလ်ရေး အချက်အလက်အား ခွင့်ပြုချက် မရှိဘဲ အွန်လိုင်းတွင် ထုတ်ပြန်ခြင်း (Doxing) နှင့် အခြားသော အွန်လိုင်းမှတစ်ဆင့် အနိုင်ကျင့်မှုများ အပါအဝင် အနှောင့်အယှက် ပေးမှုများ ပါဝင်သည်။[8]

# ၄။ ရိုဟင်ဂျာ မူစလင်များနှင့် အခြား လူနည်းစုများ၏ လူ့အခွင့်အရေး အခြေအနေ

၁၈။ ရခိုင်ပြည်နယ်တစ်ဝန်းလုံး အထူးသဖြင့် မြန်မာနိုင်ငံ၊ အလယ်ပိုင်း အညာဒေသများတွင် စစ်တပ်နှင့် အာရက္ခ တပ်တော် တို့အကြား တိုက်ပွဲများကြောင့် ရခိုင်၊ ရိုဟင်ဂျာနှင့် အခြား လူနည်းစု အသိုင်းအဝိုင်းများမှ အရပ်သားများသည် အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုကို အစဉ်တစိုက် ရင်ဆိုင်နေကြရသည်။ မြန်မာ စစ်တပ်သည် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ် အနက် ၁၄ မြို့နယ်ကို လက်လွှတ်လိုက်ရပြီးနောက် အာရက္ခ တပ်တော်မှ စစ်တွေနှင့် ကျောက်ဖြူ မြို့များသို့ ဆက်လက်၍ ထိုးစစ်ဆင်လာမည့် အရေးကို တားဆီးရန် အတွက် လေကြောင်း တိုက်ခိုက်မှုကိုသာ

[8] https://www.womenofburma.org/sites/default/files/2026-02/Looking%20Back%20on%202025_v31126_Final.pdf

အဓိက အားထားခဲ့ရသည်။ ဤအစီရင်ခံစာ ရေးသားပြုစုသည့် ကာလအတွင်း မြန်မာ စစ်တပ်သည် အမျိုးသမီး ၁၇၁ ဦးနှင့် ကလေးသူငယ် ၄၈ ဦး အပါအဝင် အရပ်သား ပြည်သူ ၁၉၁ ဦးထက်မနည်း သတ်ဖြတ်ခဲ့ကြောင်း ယုံကြည်စိတ်ချရသော သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ၎င်းတို့ အနက် ၁၇၇ ဦးမှာ လေကြောင်း တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။ အရပ်သား သေဆုံးမှု အထူးသဖြင့် ရိုဟင်ဂျာများ ထိခိုက်သေဆုံးမှုကို အတည်ပြုနိုင်ရေး အတွက် သတင်း အချက်အလက် စီးဆင်းမှု အပေါ် ပြင်းထန်သော ကန့်သတ်ချက်များ ရှိနေခြင်းကြောင့် ဤကိန်းဂဏန်းများသည် လက်တွေ့ ပကတိ အခြေအနေထက် လျော့နည်းနိုင်ပါသည်။ အသေအပျောက် အများဆုံး ဖြစ်ရပ်များထဲတွင် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ၌ ကျောက်တော်မြို့နယ်ရှိ ဘော်ဒါကျောင်း နှစ်ကျောင်း၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ၌ မြောက်ဦး ပြည်သူ့ဆေးရုံကြီးနှင့် ၂၀၂၆ ခုနှစ်၊ ဖေဖဝါရီလတွင် ပုဏ္ဏားကျွန်း မြို့နယ်ရှိ ရွာဈေးတစ်ခုအပေါ် မြန်မာ စစ်တပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသမီး ၂၈ ဦးနှင့် ကလေး ၂၄ ဦး အပါအဝင် အရပ်သား ၆၆ ဦးထက်မနည်း သေဆုံးခဲ့သည်။ ရခိုင် တိုင်းရင်းသား အများစု နေထိုင်ရာ ဒေသများတွင် မြန်မာ စစ်တပ်က အဝေးပစ် လက်နက်ကြီးနှင့် ဒရုန်းများကို အဓိက အသုံးပြု တိုက်ခိုက်ခဲ့သောကြောင့် အရပ်သားများ သေဆုံးခြင်းနှင့် နေရပ်စွန့်ခွာ တိမ်းရှောင်ရမှုများ ဖြစ်ပေါ်ခဲ့သည်။ လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သော နှစ်ဖက်အဖွဲ့များသည် ကလေးသူငယ်များ အပေါ် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့ပြီး ၎င်းတွင် ကလေးများအား သတ်ဖြတ်ခြင်း၊ ကိုယ်လက် အင်္ဂါ မသန်စွမ်းစေခြင်း၊ အဓမ္မ စစ်သား စုဆောင်းခြင်းနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများအား ပိတ်ပင်တားဆီးခြင်းတို့ ပါဝင်သည်။[9]

၁၉။ ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးသူငယ်များသည် လက်နက်ကိုင် ပရိပက္ခတွင် ပါဝင် ပတ်သက်သည့် အဖွဲ့ အားလုံး၏ စနစ်တကျ ခွဲခြား ဆက်ဆံခြင်းကို ခံခဲ့ရပြီး ယင်းလုပ်ရပ် ကျူးလွန်သူများ အနေဖြင့် ပြစ်ဒဏ်ခတ် အရေးယူခံရခြင်းမှ လုံးဝ ကင်းလွတ်ခွင့် ရရှိနေကြပါသည်။ ရခိုင်ပြည်နယ် အများစုတွင် လူ့အခွင့်အရေး ထိန်းသိမ်းစောင့်ရှောက်ရန် အဓိက တာဝန် ရှိသည့် အာရက္ခ တပ်တော်သည် အလုံးစုံပါဝင်နိုင်သော အုပ်ချုပ်ရေးနှင့် တန်းတူညီမျှစွာ ဆက်ဆံရေး ဟူသည့် ၎င်းတို့၏ ထုတ်ပြန်ကြေညာထားသော မူဝါဒများနှင့် ဆန့်ကျင်လျက်[10] ရိုဟင်ဂျာများကို အကြမ်းဖက်မှုများ ဆက်လက် ကျူးလွန်ခဲ့ပြီး ရိုဟင်ဂျာများ၏ အမှတ် သင်္ကေတကို ငြင်းပယ်သည့် မြန်မာ စစ်တပ်၏ မူဝါဒအတိုင်း ၎င်းတို့ကို “ဘင်္ဂါလီ” ဟူ၍သာ ရည်ညွှန်း သုံးစွဲခဲ့ပါသည်။ ရခိုင် ပြည်နယ် မြောက်ပိုင်း ဒေသတစ်ဝန်းတွင် မတရား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်ခြင်း၊ အဓမ္မ အစဖျောက်ခြင်း၊ အဓမ္မ လုပ်အား စေခိုင်းခြင်းနှင့် စစ်မှုထမ်းစေခြင်း၊ မြေယာနှင့် နေအိမ် ပိုင်ဆိုင်မှုများကို တရားမဝင် သိမ်းဆည်းခြင်း၊ ကျေးရွာများ၊ ဘာသာရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ နေရာ/ အဆောက်အအုံများအား ဖျက်ဆီးခြင်း စသည့် ဖြစ်ရပ်များကြောင့် ရိုဟင်ဂျာများမှာ ထပ်မံ၍ အဓမ္မ နေရပ်ရွှေ့ပြောင်းရပြန်သည်။ ဒေသခံ သတင်း အရင်းအမြစ်များ၏ တင်ပြချက် အရ အာရက္ခ တပ်တော်သည်လည်း ၎င်းတို့၏ ထိန်းချုပ်ရာ ဒေသများ ဖြစ်သော ပေါက်တော၊ မြောက်ဦး၊ ကျောက်တောနှင့် မင်းပြား မြို့နယ်များ အပါအဝင် အခြား ဒေသများတွင်လည်း သွားလာလှုပ်ရှားမှု၊ အသက်မွေးဝမ်းကျောင်း ပြုမှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု ရယူနိုင်ရေးတို့ကို ကန့်သတ်ခဲ့ပြီး အဓမ္မ စစ်သား စုဆောင်းခြင်း၊ အဓမ္မ လုပ်အား စေခိုင်းခြင်း၊ တရားမဝင် အခွန် ကောက်ခံခြင်းနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်းများကို ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် နှိုင်းယှဉ်ပါက ပမာဏ နည်းပါးသော်လည်း ကျူးလွန်ခဲ့ပါသည်။

[9] သက်ဆိုင်ရာ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ https://unscr.com/en/resolutions/1612/ တွင် ကြည့်ရှုနိုင်ပါသည်။

[10] A/HRC/60/20 အပိုဒ် ၅၀ တွင် ကြည့်ပါ။

၂၀။ အာရက္ခ တပ်တော်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မြေယာ အသုံးချမှုနှင့် ပိုင်ဆိုင်ခွင့် ပုံစံများကို အသွင်ပြောင်းလဲရန် ကြိုးပမ်းနေသည့် အခြေအနေမျိုးကို စိုးရိမ်ဖွယ်ရာ တွေ့ရပါသည်။ ယခင်က ရိုဟင်ဂျာ အများစု နေထိုင်ခဲ့သော ဒေသများတွင် တိုက်ပွဲများ လျော့နည်းသွားသော်လည်း အာရက္ခ တပ်တော်သည် နေရပ်စွန့်ခွာသူ ရိုဟင်ဂျာများအား မူလနေရာသို့ ပြန်လည် နေထိုင်ခွင့် မပြုခဲ့ပေ။ ထို့အစား ၎င်းတို့သည် ရိုဟင်ဂျာ မဟုတ်သော အသိုက်အဝန်းများကို ရိုဟင်ဂျာများ၏ မြေပေါ်တွင် အခြေချ နေထိုင်စေခဲ့ပါသည်။ အဆိုပါ အပြောင်းအလဲများအား ဖော်ဆောင်ရန် အတွက် အတင်းအဓမ္မ လုပ်အား ခိုင်းစေခဲ့ကြောင်း အသေးစိတ် ပြောပြခဲ့ကြပြီး ရိုဟင်ဂျာများသည် ၎င်းတို့၏ ဒုက္ခသည် စခန်းများ၊ ရိုဟင်ဂျာ မဟုတ်သူများ အတွက် နေအိမ် ရပ်ရွာများနှင့် အာရက္ခ တပ်တော် အတွက် အဆောက်အအုံများ တည်ဆောက်ပေးခဲ့ရသည်။ မြန်မာ စစ်တပ်နှင့် အာရက္ခ တပ်တော် နှစ်ဖက်စလုံးသည် ဗလီများ၊ အစ္စလာမ် ဘာသာရေးကျောင်းများနှင့် ရိုဟင်ဂျာ သုသာန် တစ်ခုတို့ကို ဖျက်ဆီးခဲ့ကြကြောင်း ထပ်မံ ပြောကြားခဲ့ကာ ၎င်းသည် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ စစ်တပ် ဆုတ်ခွာသွားပြီးနောက်တွင်လည်း ဖြစ်ပျက်ခဲ့သည်။ ရခိုင်၊ မြို၊ ခူမီးနှင့် ဘင်္ဂလားဒေ့ရှ်ရှိ ရခိုင် အပါအဝင် အခြားသူများကို ရိုဟင်ဂျာများ၏ မြေပေါ်တွင် ပြန်လည် အခြေချ နေထိုင်စေခဲ့ပါသည်။ ဂြိုလ်တု ဓာတ်ပုံများ အရ မြေအသုံးချမှုဆိုင်ရာ အကြီးစား အပြောင်းအလဲများကို အတည်ပြုနိုင်ခဲ့ပြီး ရိုဟင်ဂျာများ၏ မြေဧကေ ၂,၀၀၀ ခန့် သိမ်းဆည်းခံခဲ့ရကြောင်း ဖော်ပြနေပါသည်။ ရရှိနိုင်သော အချက်အလက်များကို ဆန်းစစ်လေ့လာချက် အရ ဘူးသီးတောင် မြို့နယ်ရှိ ရိုဟင်ဂျာ မြေပေါ်တွင် နေရပ်စွန့်ခွာ ရိုဟင်ဂျာများ အတွက် တရားဝင် မဟုတ်သော ပြန်လည် အခြေချ နေထိုင်ရန် စခန်း ၁၀ ခုနှင့် ရိုဟင်ဂျာ မဟုတ်သူများ အတွက် ကျေးရွာသစ် ၈ ရွာကို တည်ဆောက်ထားခဲ့ကြောင်း ညွှန်းဆိုနေပါသည်။ မောင်တော မြို့နယ်၌ ၂၀၁၇ ခုနှစ်က စွန့်ပစ်သွားသော ကျေးရွာများ အပါအဝင် ယခင် ရိုဟင်ဂျာ ကျေးရွာ ၁၁ ရွာ အတွင်းသို့ ရိုဟင်ဂျာ မဟုတ်သော လူမှု အသိုင်းအဝန်းများကို ရွှေ့ပြောင်းပေးခဲ့ပါသည်။ မောင်းတော မြို့နယ်၊ ဂိုဏ္ဏာပါရာ ကျေးရွာတွင် ရိုဟင်ဂျာ ကျေးရွာသူ ကျေးရွာသားများသည် မိမိတို့၏ နေအိမ်များကို ကျေးရွာ ရဲစခန်း ဆောက်လုပ်ရန် အတွက် အသုံး ပြုမည့် ဆောက်လုပ်ရေး ပစ္စည်းများ အဖြစ် ဖျက်ဆီးပေးခဲ့ရပါသည်။ အခြားသော ဖြစ်ရပ်များတွင် အာရက္ခ တပ်တော်၏ တပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများအား ၎င်းတို့၏ နေအိမ်ကို အတင်း အဓမ္မ ဖျက်ဆီးစေခဲ့ပြီး စခန်းများ၌ ယာယီတဲများ တည်ဆောက်ရန် အဆိုပါ ပစ္စည်းများကို ပြန်လည် အသုံးချစေခဲ့သည်။ တရားဝင် စာရွက်စာတမ်း အထောက်အထား မရနိုင်သေးသော်လည်း ရိုဟင်ဂျာ ကျေးရွာများကို အမည်ပြောင်းလဲနေသည့် ဖြစ်စဉ်များအား ကြားသိရသည့် အတွက် အလွန်အမင်း စိုးရိမ်ဖွယ်ရာ အခြေအနေတွင် ရှိနေပါသည်။ ထိုသို့ အမည်ပြောင်းလဲမှုအား အတည်ပြုနိုင်ပါက ရိုဟင်ဂျာများ အတွက် မြေယာ အခွင့်အရေးများ ပိုမို ဆုံးရှုံးစေခြင်း၊ ပို၍ ကျယ်ပြန့်သော နေရပ် စွန့်ခွာမှုများ ဖြစ်စေခြင်းနှင့် ရေရှည်တည်တံ့သော နေရပ် ပြန်လည်ရေး အတွက် ဖြစ်နိုင်ခြေ အားလုံး ဆုံးရှုံးရခြင်းတို့ ဖြစ်ပွားစေနိုင်သည့် အန္တရာယ်များ ရှိနေပါသည်။

၂၁။ အာရက္ခ တပ်တော်သည် ဘူးသီးတောင် မြို့နယ်၊ ရွက်ညိုတောင် ကျေးရွာအုပ်စု၌ ရိုဟင်ဂျာ ယာယီ ခိုလှုံရေး စခန်း တစ်ခု၊ ရိုဟင်ဂျာ မဟုတ်သူများ အတွက် ကျေးရွာ တစ်ရွာနှင့် အဓမ္မ စစ်သား စုဆောင်း ခံထားရသော ရိုဟင်ဂျာများကို ထားရှိရန် ဒေသ အခေါ် AP တပ်ရင်း ဟု သိကြသော စစ် အခြေစိုက် စခန်း တစ်ခု တည်ဆောက်ရန် ရိုဟင်ဂျာများကို  အဓမ္မ စေခိုင်းခဲ့သည်။ တည်ဆောက်မှု များမှာ ၂၀၂၄ ခုနှစ်အတွင်း အာရက္ခ တပ်တော်က မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်း ထွက်ပေါ်ခဲ့သည့် ယခင် ရိုဟင်ဂျာ ကျေးရွာ သုံးရွာ တည်ရှိခဲ့သော မြေနေရာပေါ်တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ ဟိုယာချူရီတွင် ဖြစ်ပွားခဲ့သော အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုမှ ရှင်သန် လွတ်မြောက်လာသူများ အတွက် စခန်း တစ်ခု တည်ဆောက်ရန် အဓမ္မ စေခိုင်းခံရကြောင်းလည်း

သိရသည်။[11] လက်ရှိ အချိန်တွင် နေရပ်စွန့်ခွာရသော ရိုဟင်ဂျာ ၆၀၀ ခန့်ကို ထိုနေရာတွင် ထိန်းသိမ်းထားပြီး ၎င်းတို့မှာ အစဉ်တစိုက် စောင့်ကြည့်ကြပ်မတ်ခံထားရကာ မည်သည့် နေရာသို့မျှ ထွက်ခွာသွားလာခွင့် မရကြချေ။ ထိုသို့ ထိန်းသိမ်းထားသည့် ပုံစံမျိုးဖြင့် ထားရှိခြင်းမှာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုနှင့် သက်ဆိုင်သော အချက်အလက်များ မပြန့်ပွားစေရန် ရည်ရွယ်သည်ဟု သတင်းရင်းမြစ်များက ညွှန်းဆိုကြသည်။ စခန်းမှ ထွက်ပြေး လွတ်မြောက်လာသူ တစ်ဦး၏ ပြောကြားချက်အရ စခန်း အတွင်း ဆိုးရွားလှသည့် အခြေအနေများကြောင့် လပိုင်း အတွင်း ကိုယ်ဝန်ဆောင် မိခင်တစ်ဦး၊ မွေးကင်းစ ကလေးနှင့် အသက် ငါးနှစ်အောက် ကလေးသူငယ် ငါးဦး အပါအဝင် လူရှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ရခိုင် ပြည်နယ် မြောက်ပိုင်းတစ်ဝန်းတွင် ကျေးရွာ အဆင့်၌ အဓမ္မ လုပ်အားပေး ခိုင်းစေသည့် စနစ် တစ်ခု ရှိပြီး ကျေးရွာ တစ်ရွာစီ အနေဖြင့် အာရက္ခ တပ်တော်ထံသို့ အပတ်စဉ် သို့မဟုတ် လစဉ် အလိုက် သတ်မှတ်ထားသော ရက်အရေအတွက် အလိုက် လုပ်သားများ ပေးပို့နေရကြောင်း အင်တာဗျူး ဖြေကြားသူများက  ရှင်းပြခဲ့သည်။ လေးလကျော် ကာလအတွင်း အဓမ္မ လုပ်အားစေခိုင်းမှု ၅၇ ကြိမ်တိုင် ရှိခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဆိုခဲ့သည်။ ကလေးများကိုလည်း လုပ်အား အဖြစ် စနစ်တကျ ခိုင်းစေမှုများ ရှိခဲ့ကြောင်း၊ သက်သေများ၏ ပြောကြားချက် အရ အသက် ခြောက်နှစ်အရွယ်မျှသာ ရှိသေးသော ကလေးများပင်လျှင် ခြုံတောရှင်းခြင်း၊ နေအိမ် အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့် ရခိုင် မိသားစုအတွက် အောက်ခြေသိမ်း အလုပ်များ လုပ်ကိုင်နေရကြောင်း သိရသည်။ ဖြစ်စဉ်တစ်ခုတွင် ကလေးတစ်ဦးသည် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရသူများ၏ အရိုးများနှင့် ဦးခေါင်းခွံများကို ရှင်းလင်းရန် အဓမ္မ စေခိုင်းခြင်း ခံခဲ့ရသည်။ ဒေသခံ သတင်း ရင်းမြစ်များ အရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ တစ်လတည်းတွင်ပင် ရခိုင်ပြည်နယ်၊ မြောက်ပိုင်း၌ ရိုဟင်ဂျာများအား အဓမ္မ လုပ်အားပေး စေခိုင်မှု ၂,၃၅၃ မှု ရှိကြောင်း မှတ်တမ်း တင်ခဲ့ပြီး ၎င်းတို့ အနက် ၇၅ မှုမှာ ကလေးသူငယ်များနှင့် သက်ဆိုင်ကြောင်း သိရသည်။

၂၂။ မြန်မာ စစ်တပ်က ကုန်စည်များ ပိတ်ဆို့ထားမှုနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများ ဝင်ရောက်ကူညီခွင့်ကို ကန့်သတ်ထားမှုကြောင့် ဆိုးရွားပြီးသား လူသားချင်း စာနာထောက်ထားမှု အကျပ်အတည်းကို အာရက္ခ တပ်တော်၏ လုပ်ရပ်များက ပိုမို ဆိုးရွားစေခဲ့ပြီး အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် ဆိုးကျိုး သက်ရောက်ခဲ့ပါသည်။ အာရက္ခ တပ်တော်၏ တပ်ရင်းတပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများ၏ မွေးမြူရေး လုပ်ငန်းနှင့် စိုက်ပျိုးရေး ထွက်ကုန်များကို လုယက်ယူငင်ခြင်း၊ မတရား အခွန် ကောက်ခံခြင်းနှင့် ရိုဟင်ဂျာများကိုသာ သီးသန့် ပစ်မှတ်ထားသော သွားလာ လှုပ်ရှားမှု စနစ်တကျ ကန့်သတ်ခြင်းတို့ကြောင့် ကျန်းမာရေး စောင့်ရှောက်မှု ရယူနိုင်မှုနှင့် အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်နိုင်ခွင့်တို့ အပေါ် ဟန့်တား နှောင့်ယှက်ခဲ့သည်။ အမျိုးသမီးနှင့် ကလေးများသည် အသက်ဘေး ဖြစ်နိုင်သော ဘေးအန္တရာယ်ကို ပိုမို ရင်ဆိုင်ခဲ့ရပြီး အပြန်အလှန် ဆက်နွှယ်နေသော ထိခိုက်လွယ်မှု အခြေအနေများကို ပို၍ ဆိုးရွားစေခဲ့သည်။ ကာလကြာရှည် အလွန်အမင်း ဆေးဝါး ပြတ်လပ်ခြင်းကြောင့် ပြင်းထန်သော ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ အရေပြားပိုးဝင်ခြင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုနှင့် အဟာရ ချို့တဲ့မှုနှုန်း မြင့်မားခဲ့ပြီး ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဧပြီလ အတွင်း ဘူးသီးတောင် မြို့နယ်ရှိ ကျေးရွာ တစ်ရွာတွင် ကလေး မီးဖွားစဉ် မီးနေသည် အမျိုးသမီး သုံးဦး သေဆုံးခဲ့ကြောင်း သတင်း ရရှိသည်။

၂၃။ အာရက္ခ တပ်တော်မှ အဖွဲ့ဝင်များသည် ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးများ အပါအဝင် လူမှု အသိုင်းအဝန်း အားလုံးမှ လူပုဂ္ဂိုလ်များ အားလုံးကို အဓမ္မ စစ်မှုထမ်း စေခဲ့သဖြင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာ စိုးရိမ်မှုများ မြင့်တက်ခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ထပ်မံ ဖြစ်ပေါ်စေခဲ့သည်။ အာရက္ခ တပ်တော်မှ လူသစ် စုဆောင်းသူများသည် ရွာသားများထံမှ သတ်မှတ် ဦးရေ ပြည့်မီစေရန် တောင်းဆိုခဲ့ပြီး တပ်သားသစ် ရရှိရန် မိသားစုများမှ “သား တစ်ယောက်

[11] A/HRC/60/20 အပိုဒ် ၃၉ တွင် ကြည့်ပါ။

သို့မဟုတ် သမီး တစ်ယောက်” ပေးရမည်ဟု ညွှန်ကြားခဲ့ကြောင်း သိရသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦး၏ ဖော်ပြချက် အရ ဘူးသီးတောင် မြို့နယ်ရှိ သူမနေထိုင်ရာ ကျေးရွာမှ အဓမ္မ ဖမ်းဆီး ခေါ်ဆောင်ခံခဲ့ရပြီး လက်နက်ကိုင် စောင့်ကြပ်မှု အောက်တွင် “AP တပ်ရင်း”သို့ ၂၄ နာရီ ကြာအောင် လမ်းလျှောက်ခဲ့ရကာ ၎င်းတွင် အသက် ၁၂ နှစ်မှ ၂၃ နှစ်ကြား အမျိုးသမီးနှင့် မိန်းကလေး စုစုပေါင်း ၆၀ ဦး အနက် သူမသည် တစ်ဦး အပါအဝင် ဖြစ်ကြောင်း သိရသည်။ သူမသည် မိသားစုလိုက် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်စဉ်တွင် မိသားစုဝင်များမှ ဆယ်ကျော်သက် အရွယ် ယောကျာ်းလေးနှင့် မိန်းကလေးများကို အဓမ္မ စစ်သား စုဆောင်းခဲ့ကြောင်း၊ ထိုသို့ စုဆောင်းရာတွင် အသက် ၁၃ နှစ်အရွယ် မိန်းကလေး တစ်ဦးလည်း ပါဝင်ခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူများက ဖော်ပြခဲ့သည်။ ရသေ့တောင် မြို့နယ်တွင် အသက် ၁၄ နှစ် အရွယ် ယောကျာ်းလေး တစ်ဦးသည် ၎င်း၏ အစ်မ ဖြစ်သူအား အဓမ္မ စစ်သား စုဆောင်းခြင်းမှ ကာကွယ်ရန် ကြိုးပမ်းစဉ် ပြန်ပေးဆွဲ ခေါ်ဆောင်ခံခဲ့ရသည်။ အခြား ဖြစ်စဉ်များတွင် ဉာဏ်ရည် ဖွံ့ဖြိုးမှု အားနည်းသော အသက် ၁၆ နှစ် အရွယ် လူငယ် တစ်ဦးကို အဓမ္မ စစ်သား စုဆောင်းခဲ့သည့် ဖြစ်ရပ်နှင့် အသက် ၁၇ နှစ် အရွယ် သားဖြစ်သူ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မသန်စွမ်းဖြစ်သူ ဖခင်အား အာရက္ခ တပ်တော်မှ ဖမ်းဆီး ခေါ်ဆောင်ခြင်းမှ ကာကွယ်ရန် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ရသည့် မိသားစု ဖြစ်ရပ်တို့ ပါဝင်သည်။ AP တပ်ရင်းတွင် အတင်း အဓမ္မ စုဆောင်းခံရသူ ရာပေါင်းများစွာကို ချုပ်နှောင်ထားသည်ဟု သိရပြီး အမျိုးသမီးများနှင့် မိန်းကလေးများသည် မုဒိန်းကျင့်ခံရခြင်း အပါအဝင် လိင်အကြမ်းဖက်မှုများ၏ သားကောင် ဖြစ်ခဲ့ကြသည်။ ထို့အပြင် စစ်မှုထမ်းရခြင်းမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းသည့် ရိုဟင်ဂျာများအား ဖမ်းဆီးထိန်းသိမ်းသည့် ဖြစ်စဉ်နှင့် ရိုဟင်ဂျာ မိန်းကလေးများ အနေဖြင့် အိမ်ထောင် ကျပါက အဓမ္မ စစ်သား စုဆောင်းခံရနိုင်ခြေ ပိုနည်းနိုင်သည် ဟူသော မျှော်လင့်ချက်ဖြင့် အရွယ် မတိုင်မီ အိမ်ထောင်ပြုသည့် ဖြစ်စဉ်များကို အင်တာဗျူး ဖြေကြားသူများက ပြောပြခဲ့သည်။

၂၄။ အာရက္ခ တပ်တော်သည် ရိုဟင်ဂျာ လူကြီးနှင့် ကလေးများအား မတရား သတ်ဖြတ်ခြင်း အပါအဝင် ရိုဟင်ဂျာများ အပေါ် ကျူးလွန်ခဲ့သည့် အခြား ချိုးဖောက်မှုများကို အင်တာဗျူး ဖြေဆိုသူ အများအပြားက ဖော်ပြခဲ့သည်။ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလတွင် မောင်တောမြို့၌ ညမထွက်ရ အမိန့် ထုတ်ပြန်ပြီး မိနစ်ပိုင်း အကြာတွင် ရေခပ်ရန် ကြိုးပမ်းသည့် အမျိုးသား တစ်ဦးနှင့် ၎င်း၏ အသက် ၁၆ နှစ် အရွယ် ညီမ ဖြစ်သူအား အာရက္ခ တပ်တော်က သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ထိုမိန်းကလေးမှာ နေရာတွင်ပင် ချက်ချင်း သေဆုံးခဲ့ပြီး အမျိုးသား ဖြစ်သူမှာ ငါးရက် အကြာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ခြေထောက် တစ်ဖက် ဖြတ်၍ ကုသခဲ့သည်။ အဆိုပါ ကာလ တစ်လျှောက်တွင် ရိုဟင်ဂျာများအား မတရား ဖမ်းဆီးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားဆဲ ဖြစ်ကြောင်း သတင်းများ ဆက်လက် ထွက်ပေါ်ခဲ့ပြီး အဓမ္မ အစဖျောက်ခံရမှု အထိ ရောက်နိုင်သည့် ဖြစ်ရပ်များလည်း ရှိခဲ့ပါသည်။ အာရက္ခ တပ်တော်မှ ဖမ်းဆီးခံရသူများ၏ မိသားစုဝင်များအား ၎င်းတို့ မိသားစုဝင်များ မည်သည့် နေရာတွင် ဖမ်းဆီးထားသည်ကို အသိပေးခြင်း မရှိသလို ဖမ်းဆီးခံထားရသူများမှာလည်း ရှေ့နေ၊ မိသားစု သို့မဟုတ် မည်သည့် တရားဝင် တရားစီရင်ရေး လုပ်ငန်းစဉ်နှင့်မျှ ဆက်သွယ်ခွင့် မရရှိကြပေ။ ဖမ်းဆီးခံရပြီးသည်နှင့် တစ်ပြိုင်နက် ဝါးလုံး၊ ရာဘာပိုက်နှင့် ခါးပတ်ဖြင့် ရိုက်နှက်ခြင်း၊ မီးခြစ်နှင့် စီးကရက်တို့ဖြင့် မီးရှို့ခြင်း၊ လူအား ဇောက်ထိုး ဆွဲထားကာ သတိလစ်သည် အထိ ခန္ဓာကိုယ်အား လှည့်ခြင်း၊ လိင်အင်္ဂါများတွင် ငရုတ်သီး သုတ်လိမ်းခြင်းနှင့် လက်သည်းခွံ ခွာခြင်း စသည့် လူမဆန်သော ညှင်းပန်း နှိပ်စက်မှုများကို ပုံမှန် ခံစားရလေ့ ရှိကြောင်း ဖမ်းဆီးခံဖူးသူများက ပြန်လည် ပြောပြခဲ့ကြသည်။ အချုပ်ခန်း အတွင်း သေဆုံးမှုများမှာ ပုံမှန် ဖြစ်ရိုးဖြစ်စဉ် ကဲ့သို့ ဖြစ်လာပြီး သေဆုံးသွားသော အလောင်းများကို လူနေထိုင်နေဆဲ အချုပ်ခန်းများတွင် တစ်ညလုံး ပစ်ထားလေ့ ရှိကြောင်း သိရသည်။ စံဂိုးတောင် ထိန်းသိမ်းရေး စခန်းရှိ အချုပ်ခန်းအတွင်း ထိန်းသိမ်း ခံထားရသူ ၁၅ ဦးမှာ ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားလှသော အခြေအနေကြောင့် သေဆုံးခဲ့ကြောင်း အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောပြခဲ့သည်။ အခြားတစ်ဦးကလည်း ဘူးသီးတောင် အကျဉ်း

စခန်းတွင် ညှင်းပန်းနှိပ်စက်ခံရစဉ် သတိလစ်ခဲ့ပြီး ချုံပုတ်ကြားတွင် ပြန်လည် နိုးလာခဲ့သည်ဟု ဆိုသည်။ ၎င်းအား ညှင်းပန်းနှိပ်စက်သူများသည် သေဆုံးသွားပြီဟု ထင်မှတ်ကာ ချုံပုတ် အလေ်ာင်း စွန့်ပစ်ခြင်း ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ သူသည် ၎င်း၏ သားဖြစ်သူနှင့်အတူ ဖမ်းဆီး ခံခဲ့ရပြီး သားဖြစ်သူမှာ နောက်ပိုင်းတွင် အချုပ်ထဲ၌ သေဆုံးသွားခဲ့သည်။ မိသားစုဝင်များ အနေဖြင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများသည် အချုပ်ထဲတွင် သဘာဝ အလျောက် ရောဂါ ဝေဒနာဖြင့် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း ဝန်ခံသည့် သဘောဖြင့် ခံဝန် စာရွက်စာတမ်းများတွင် လက်မှတ် ထိုးရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရသည်ဟု ပြောကြားခဲ့သည်။

၂၅။ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ထိစပ် ဒေသများတွင် တိုက်ပွဲ ပြင်းထန်မှု အဆင့်နိမ့်သော်လည်း အာရက္ခ တပ်တော်နှင့် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များ အကြား ပြောက်ကျား တိုက်ပွဲများ ဆက်လက် ဖြစ်ပွားခဲ့သည်။ အာရကန် ရိုဟင်ဂျာ ကယ်တင်ရေးတပ်သည် ရိုဟင်ဂျာ မဟုတ်သော အရပ်သားများကို သတ်ဖြတ်ခဲ့ကြောင်း၊ ထို့ကြောင့် လူမှု အသိုင်းအဝန်းများ အကြား အပြန်အလှန် ယုံကြည်မှု ပျက်ပြားခဲ့ပြီး အာရက္ခ တပ်တော်မှ ရိုဟင်ဂျာ အရပ်သားများကို ကျယ်ကျယ်ပြန့်ပြန့် ဖမ်းဆီးမှုများ ပြုလုပ်ရန် အကြောင်းပြချက် တစ်ခု ဖြစ်ခဲ့ကြောင်း သတင်းများ အရ သိရသည်။ ထို့အပြင် အာရက္ခ တပ်တော် တာဝန်ရှိသူများသည် ကျေးရွာ အစည်းအဝေးများတွင် အခွန် မပေး ဆောင်နိုင်သော သို့မဟုတ် တပ်သား စုဆောင်းမှု သတ်မှတ်ချက် မပြည့်မီသော မိသားစုများ အနေဖြင့် ရခိုင်ပြည်နယ်မှ ထွက်ခွာရမည် ဖြစ်ကြောင်း ရိုဟင်ဂျာ ဒေသခံများအား ခြိမ်းခြောက် ပြောဆိုခဲ့သည်ဟု သိရသည်။

၂၆။ အဆိုပါ ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်မှု ဖြစ်ရပ်များ၊ လူမှု အသိုင်းအဝန်းများ အကြား တင်းမာမှုများနှင့် အဓမ္မ စစ်သားစုဆောင်းမှုများသည် ရိုဟင်ဂျာများအား ဘေးလွတ်ရာသို့ ဆက်လက် ထွက်ပြေးတိမ်းရှောင်ရန် တွန်းအားပေးခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဧပြီလကုန်ပိုင်း အထိ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွင် အသစ် စာရင်းသွင်းထားသော ရိုဟင်ဂျာ အရေအတွက်မှာ ၁၄၉,၇၆၉ ဦး ရှိခဲ့သည်။[12] ထွက်ပြေးတိမ်းရှောင်စဉ် ကာလ၌ပင်လျှင် ရိုဟင်ဂျာများသည် ချိုးဖောက်မှုများ၊ အလွဲ သုံးစားပြုမှုများနှင့် ခြိမ်းခြောက်ငွေညှစ်ခြင်း အပါအဝင် ဘေးကင်းလုံခြုံရေးကို ခြိမ်းခြောက်သည့် အန္တရာယ်ကြီးများအား ရင်ဆိုင်ခဲ့ရသည်။ အာရက္ခ တပ်တော်သည် နယ်စပ် ဝင်ပေါက် ထွက်ပေါက် လမ်းကြောင်းများကို ထိန်းချုပ်ထားသောကြောင့် ၎င်းတို့၏ ခွင့်ပြုချက် မရဘဲ မည်သည့် လှုပ်ရှား သွားလာခွင့်မျှ မရှိကြောင်း အင်တာဗျူး ဖြေဆိုသူများက ပြောဆိုခဲ့သည်။ နယ်စပ် ဖြတ်ကျော် တိမ်းရှောင်သူများသည် အာရက္ခ တပ်တော်ကို စစ်ဆေးရေး ဂိတ်များကို ဖြတ်သန်းခွင့် ရနိုင်ရန်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ဖြတ်သန်းထွက်ခွာနိုင်မည့် ခရီးသွား စာရွက်စာတမ်းများ အတွက် လူမှောင်ခိုကူးသူ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူး သို့မဟုတ် အာရက္ခ တပ်တော် တပ်ဖွဲ့ဝင်များအား အမေရိကန် ဒေါ်လာ ၃၀၀ မှ ၅၀၀ အထိ ပေးဆောင်နေရကြောင်း သိရသည်။

၂၇။ ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မြန်မာ စစ်တပ် ထိန်းချုပ်ထားသော ဒေသများတွင် ပိုမို ပြင်းထန်လာသော လက်နက်ကိုင် ပဋိပက္ခများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီများ အပေါ် မြန်မာ စစ်တပ်က ကာလကြာရှည် ပိတ်ဆို့ထားမှုကြောင့် ရိုဟင်ဂျာများ အပါအဝင် လူမှု အသိုင်းအဝန်းများ အားလုံးသည် ဆိုးရွားလှသော လူနေမှု ဘဝ အခြေအနေများကို ဆက်လက် ရင်ဆိုင်ခဲ့ရသည်။ ထိုအခြေအနေများကြောင့် စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် မရှိမဖြစ် လိုအပ်သော ကုန်ပစ္စည်းများ ဆိုးရွားစွာ ပြတ်လပ်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဖေဖဝါရီလနှင့် မေလ အကြားတွင် အခြေခံ စားသောက်ကုန် ဈေးနှုန်းမှာ ၃၁ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်။[13] စခန်းများနှင့် ကျေးရွာများရှိ

[12] https://data.unhcr.org/en/country/bgd.

[13] https://www.wfp.org/news/middle-east-crisis-deepens-hunger-myanmar-eu-responds-eur-8-million-urgent-relief .

ရိုဟင်ဂျာများသည် စားနပ်ရိက္ခာ၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ယာယီခိုလှုံရာ နေရာ၊ သောက်သုံးရေနှင့် ရေအိမ်သာ မိလ္လာစနစ်တို့အား အရေးတကြီး လိုအပ်နေမှုကို ဆက်လက် ကြုံတွေ့နေရပြီး လူဦးရေ သိပ်သည်းခြင်းနှင့် အသက်မွေး ဝမ်းကျောင်း အခွင့်အလမ်းအပေါ် ကန့်သတ်မှုများကြောင့် ထိခိုက်လွယ်မှု အခြေအနေကို ပို၍ ဆိုးရွားစေခဲ့ပါသည်။ လူအများအပြားမှာ ဖမ်းဆီးမှု၊ လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ်မှု အန္တရာယ်ကို ရင်ဆိုင်ရနိုင်ပြီး ခွင့်ပြုချက်မဲ့ သွားလာလှုပ်ရှားရမှုများ အပါအဝင် အန္တရာယ် ရှိသော ဖြေရှင်းနည်းများကို ကျင့်သုံးခဲ့ရသည်။ ခိုလှုံရာ စခန်းများတွင် နေထိုင်ကြသူများ၊ အထူးသဖြင့် ကလေးသူငယ်များ အကြား အဟာရ ချို့တဲ့မှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေပုံနှင့် မလေးရှား နိုင်ငံသို့ သွားရောက်ရန် ကြိုးပမ်းသည့် ရိုဟင်ဂျာ ကလေးသူငယ် အရေအတွက်မှာ မြင့်တက်နေကြောင်း လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ အဖွဲ့အစည်းများက ဆွေးနွေးပြောဆိုသည့် ကာလအတွင်း ဖော်ပြခဲ့ကြသည်။

၂၈။ မြန်မာ စစ်တပ်သည် ၎င်း၏ စစ်မှုထမ်း ဥပဒေကို အသက်သွင်းပြီး ကတည်းက ရိုဟင်ဂျာ အမျိုးသားနှင့် လူငယ်များကို အလှည့်ကျစနစ်ဖြင့် အတင်းအဓမ္မ စစ်မှု ထမ်းခိုင်းခဲ့ပြီး သင်တန်းဆင်းပြီးသော ရိုဟင်ဂျာများကို စစ်စခန်းများတွင် တာဝန်ချရန်၊ ရှေ့တန်းထွက် တိုက်ပွဲဝင်ရန်နှင့် အဓမ္မ လုပ်အားပေးရန် ကြိမ်ဖန်များစွာ ဆင့်ခေါ်ခဲ့သည်။ ဒေသတွင်း သတင်းရင်းမြစ်များ အရ ဤအစီရင်ခံစာ ရေးသားပြုစုသည့် ကာလအတွင်း စစ်တွေမြို့မှ ရိုဟင်ဂျာ ၁,၉၈၁ ဦးကို စစ်တပ်က အဓမ္မ စစ်သား စုဆောင်းခဲ့ပြီး အတင်းအကျပ် အရက် သောက်ခိုင်းခြင်း၊ အနားယူခွင့် မပေးခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ အပါအဝင် အလွဲသုံးစားပြုသည့် အခြေအနေများကြောင့် တပ်ပြေးမှုနှုန်း မြင့်မားကြောင်း သိရှိရသည်။ အတင်းအကျပ် စစ်သား စုဆောင်းခြင်း ခံရသူများ၏ မိသားစုများသည် ၎င်းတို့၏ မိသားစုဝင်များ စားဝတ်နေရေး အတွက်ဟု ဆိုကာ အတင်းအကျပ် ငွေကြေးတောင်းခံမှုများ ကြုံတွေ့ခဲ့သော်လည်း အဆိုပါ စစ်သား စုဆောင်းခံရသူ မိသားစုဝင်များမှာ ၎င်းငွေကြေးအား မရရှိခဲ့ပေ။

၂၉။ မြန်မာ စစ်တပ်သည် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ရိုဟင်ဂျာများကို တင်ဆောင်လာသည့် လှေများကို ကြားဖြတ် ဟန့်တားခဲ့ပြီး ရိုဟင်ဂျာ အများအပြားကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ ဖမ်းဆီးခံရသူ ရိုဟင်ဂျာများမှာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလတွင် လှေတစ်စီးပေါ်မှ ၅၁၃ ဦး၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် အခြား လှေတစ်စီးပေါ်မှ ၂၃၃ ဦးနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် ၄၇၆ ဦး အသီးသီး ရှိခဲ့သည်။[14] ၂၀၂၆ ခုနှစ်၊ မေလ၊ ၂၄ ရက်နေ့တွင် စစ်တွေမြို့မှ ထွက်ခွာရန် လှေပေါ်သို့ တက်စဉ် ရိုဟင်ဂျာ မိသားစု တစ်စုမှ ၃ နှစ် အရွယ် ကလေးငယ် တစ်ဦး အပါအဝင် မိသားစုဝင် လေးဦးထက်မနည်းကို မြန်မာ စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ကုလသမဂ္ဂ၏ ကိန်းဂဏန်းများ အရ ပင်လယ်ပြင် ခရီးစဉ်ကို ဖြတ်သန်းသွားလာသော ရိုဟင်ဂျာများ အတွက် ၂၀၂၅ ခုနှစ်သည် အသေအပျောက် အများဆုံး နှစ်ဖြစ်ခဲ့ပြီး ၈၉၂ ဦး သေဆုံး သို့မဟုတ် ပျောက်ဆုံးမှု ရှိခဲ့ကြောင်း သိရသည်။[15] ဤအခြေအနေသည် ၂၀၂၆ ခုနှစ် အထိ ဆက်လက် ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မေလ အထိ ပင်လယ်ပြင် ခရီးစဉ်ဖြင့် အခြားနိုင်ငံသို့ ထွက်ခွာရန် ကြိုးပမ်းသူ ၄,၆၆၅ ဦး ရှိရာ ၂၀၂၂ ခုနှစ်၊ နောက်ပိုင်း အများဆုံး စံချိန်တင်ခဲ့ပြီး သေဆုံး သို့မဟုတ် ပျောက်ဆုံးသူ ၂၈၀ ဦး အထိ ရှိလာကြောင်း သိရသည်။[16] ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် လူအပြည့်တင်ဆောင်လာပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ ထွက်ခွာလာသော လှေတစ်စီးသည် ကပ္ပလီ ပင်လယ်ပြင်တွင် နစ်မြုပ်ခဲ့ရာ လူ ၂၇၀ ဦးခန့် ပျောက်ဆုံးခဲ့သည်။ ရခိုင်ပြည်နယ်ရှိ အခြေအနေများ ပို၍ ဆိုးရွားလာခြင်းကြောင့် ဘေးကင်း

[14] ယေဘူယျ အချက်အလက်များနှင့် စပ်လျဉ်း၍ https://data.unhcr.org/en/situations/myanmar တွင် ကြည့်ရှုနိုင်ပါသည်။

[15] https://news.un.org/en/story/2026/04/1167320.

[16] https://data.unhcr.org/en/situations/myanmar

လုံခြုံ၍ ရေရှည်တည်တံ့ကာ ဂုဏ်သိက္ခာနှင့် အညီ နေရပ်ပြန်ရေး အတွက် အခြေအနေများမှာ လက်ရှိ အချိန်အထိ အဆင်သင့် မဖြစ်သေးပေ။

၃၀။ နိုင်ငံတကာ အသိုက်အဝန်းမှ တာဝန်ခံမှု ရှိစေရေး ကြိုးပမ်းအားထုတ်မှုများ ဆက်လက် ရှိနေသေးသော်လည်း တရားမျှတမှု ရရှိရေး အတွက် မြန်မာ ပြည်သူများဘက်မှ ပိုမို ကျယ်ပြန့်စွာ တောင်းဆိုချက်များမှာ အများအားဖြင့် ပြည့်ဝမှု မရှိသေးပေ။ အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) တွင် လူမျိုးသုဉ်းစေမှု ဆိုင်ရာ ရာဇဝတ်မှု တားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်ပေးရေး သဘောတူ စာချုပ်ကို ချိုးဖောက်သည်ဟု ဆိုကာ ဂမ်ဘီယာနိုင်ငံက မြန်မာ နိုင်ငံ အပေါ် တရားစွဲဆိုထားသည့် အမှု၏ အနှစ်သာရပိုင်း ဆိုင်ရာ နှုတ်ဖြင့် လျှောက်လဲချက်ပေးခြင်းကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် အပြီးသတ်နိုင်ခဲ့သည်။[17] ထို့နောက် တရားရုံးသည် ၎င်း၏ ဆွေးနွေးမှုများကို စတင်ခဲ့ပြီး စီရင်ချက် ချမည့် ရက်ကို ကြေညာရန် ကျန်ရှိနေသေးသည်။ ယူကေ အခြေစိုက် မြန်မာ ရိုဟင်ဂျာ အဖွဲ့ (BROUK) သည် အာဂျင်တီးနား နိုင်ငံ၊ ဖက်ဒရယ် တရားရုံးတွင် အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) ဖြင့် စစ်ဆေးနေဆဲ ဖြစ်သော အမှု၌ အာရက္ခ တပ်တော်မှ ကျူးလွန်သည့် ရာဇဝတ်မှုများကို တိုးချဲ့ထည့်သွင်းပေးရန် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလတွင် တောင်းဆိုခဲ့သည်။[18] ၂၀၂၆ ခုနှစ်၊ ဖေဖဝါရီလတွင် စစ်အာဏာသိမ်းပြီးနောက် အရပ်သားများ အပေါ် မြန်မာ စစ်တပ်က ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့်ဖြင့် တရားစွဲဆိုပေးရန် ချင်း လူ့အခွင့်အရေး အဖွဲ့အစည်း (CHRO) ၏ တောင်းဆိုချက်ကို စုံစမ်းစစ်ဆေးရန် အရှေ့ တီမော နိုင်ငံရှိ တရားရုံး တစ်ခုက တရားသူကြီး တစ်ဦးကို ခန့်အပ်ခဲ့သည်။[19] လူမျိုးသုဉ်းစေမှု စွဲချက်များ အတွက် ထိုစဉ်က ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့်ဖြင့် တရားစွဲဆိုမှုကို အင်ဒိုနီးရှား နိုင်ငံရှိ တရားရုံး တစ်ရုံးက ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် တရားဝင် လက်ခံခဲ့သည်။[20] မင်းအောင်လှိုင်အား ဖမ်းဝရမ်း ထုတ်ပေးရန် နိုင်ငံတကာ ရာဇဝတ် ခုံရုံး (အိုင်စီစီ) ၏ ရှေ့နေချုပ်က အိုင်စီစီတွင် တောင်းဆိုချက်နှင့် ဆက်စပ်၍ မည်သည့် တိုးတက်မှု ဖြစ်စဉ်ကိုမျှ လူသိရှင်ကြား ကြေညာထားခြင်း မရှိသေးပေ။[21]

# ၅။ မြေရှား သတ္တုတူးဖော်ခြင်း၏ လူ့အခွင့်အရေး ဆိုင်ရာ သက်ရောက်မှုများ[22]

## က။ တရားမဝင် စီးပွားရေး လုပ်ငန်းများနှင့် မြေရှားသတ္တု တူးဖော်ရေး လုပ်ငန်းများ

၃၁။ မြန်မာနိုင်ငံတွင် တရားဥပဒေ စိုးမိုးမှု ကင်းမဲ့လာခြင်းကြောင့် လက်နက်ကိုင် ပဋိပက္ခကို ငွေကြေး ထောက်ပံ့ပေးပြီး လူ့အခွင့်အရေး အကျပ်အတည်းကို ပိုမို ဆိုးရွားစေသည့် တရားမဝင်

[17] https://www.icj-cij.org/case/178

[18] https://brouk.org.uk/argentine-court-urged-to-include-arakan-army-atrocities-in-rohingya-genocide-case/

[19] https://www.chinhumanrights.org/war-crimes-case-against-myanmar-dictator-moves-forward-in-timor-leste/

[20] https://the-world-is-watching.org/2026/04/14/unprecedented-genocide-case-against-burmese-dictator-min-aung-hlaing-initiated-in-indonesia/

[21] https://www.icc-cpi.int/bangladesh-myanmar

[22] ၂၀၁၉ ခုနှစ်မှစတင်၍ လူ့အခွင့်အရေး ကောင်စီမှ လက်ခံရရှိခဲ့သော အစီရင်ခံစာ အများအပြားတွင် စစ်တပ်နှင့် အခြား တာဝန်ရှိသူများ၏ စီးပွားရေး လုပ်ငန်းများနှင့် ဆက်စပ်သော လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာများကို မီးမောင်းထိုးပြထားပါသည်။ https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/EconomicInterestsMyanmarMilitary/A_HRC_42_CRP_3.pdf၊

စီးပွားရေး လုပ်ငန်းများ ပိုမို ကြီးထွားလာစေခဲ့သည်။ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာ နိုင်ငံသည် ကမ္ဘာပေါ်၌ ဘိန်းနှင့် မူးယစ်ဆေးဝါး အဓိက ထုတ်လုပ်သည့် နိုင်ငံ ဖြစ်လာခဲ့ပြီး ရှမ်းပြည်နယ်သည် တစ်နိုင်ငံလုံး၏ ဘိန်းနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု၏ ၈၈ ရာခိုင်နှုန်း အထိ ရှိလာသည်။[23] ဒေါ်လာ ဘီလီယံနှင့်ချီတန်သော အွန်လိုင်း လိမ်လည်မှု လုပ်ငန်းများသည် ရှမ်းပြည်နယ်၊ ကရင် ပြည်နယ်နှင့် အခြားဒေသများတွင် အခြေစိုက်လုပ်ကိုင်လာပြီး ယင်းက လူကုန်ကူးမှု၊ နိုင်ငံဖြတ်ကျော် ရာဇဝတ်မှု၊ ညှင်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုမှုနှင့် အတင်းအကျပ် ခိုင်းစေမှုများကို ပိုမို ဆိုးရွားစေသည်။[24] တရားဝင် ထိန်းချုပ်မှု မရှိသော သတ္တု တူးဖော်ရေး လုပ်ငန်းများ၊ အထူးသဖြင့် မြေရှားသတ္တု တူးဖော်ခြင်း လုပ်ငန်းသည် သဘာဝ ပတ်ဝန်းကျင်ကို ဆိုးရွားစွာ ပျက်စီးစေခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများကို ပိုမို ဆိုးရွားစေကာ ဤအကျပ်အတည်းသည် အရှေ့တောင် အာရှ ဒေသတွင်း နိုင်ငံများအပေါ်လည်း သက်ရောက်မှု ပိုမို ကြီးမားလာစေခဲ့သည်။[25] မြေရှား သတ္တု ကဏ္ဍ၌ လက်နက်ကိုင် အဖွဲ့အစည်း များစွာသည် အရင်းအမြစ်များအား ခွဲဝေ ထိန်းချုပ်ပြီး အဓိကအားဖြင့် စစ်တပ်၊ ၎င်းနှင့် မဟာမိတ် အဖွဲ့များ ဖြစ်ကြသော ကချင် ဒီမိုကရေစီသစ် တပ်မတော်နှင့် ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော်၊ မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်၊ ကချင် လွတ်မြောက်ရေး တပ်မတော်နှင့် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော် စသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ပါဝင်သည်။

၃၂။ ဘာသာရပ် ဆိုင်ရာ ကျွမ်းကျင်သူများမှ ပထဝီ အနေအထား အလိုက် လေ့လာချက်များ အရ မြေရှားသတ္တု တူးဖော်သည့် နေရာများ ရုတ်တရက် များပြားလာသည်ကို တွေ့ရှိရပြီး အာဏာ မသိမ်းမီက မြေရှား သတ္တု တူးဖော်သည့် နေရာ ၂၁၅ ခုသာ ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် မြေရှားသတ္တု တူးဖော်ရာ နေရာ ၅၉၀ ကျော် အထိ တိုးလာခဲ့သည်။[26] ကချင် ပြည်နယ်သည် မြေရှား သတ္တု အဓိက တူးဖော်ရာ ဒေသ အဖြစ် ဆက်လက် တည်ရှိနေကြောင်း ဂြိုလ်တု ဓာတ်ပုံများက အတည်ပြု ဖော်ပြထားပြီး ၂၀၂၁ ခုနှစ်၊ နောက်ပိုင်းတွင် နေရာသစ် ၃၀၂ ခု တိုးလာရာ အာဏာ မသိမ်းမီကထက် ၁၄၉ ရာခိုင်နှုန်း အထိ တိုးလာခြင်း ဖြစ်သည်။ သို့ရာတွင် ၂၀၂၄ ခုနှစ် နှောင်းပိုင်းတွင် ကချင် ဒီမိုကရေစီသစ် တပ်မတော်ထံမှ ချီဖွေနှင့် ပန်ဝါ သတ္တု တူးဖော်ရေး နယ်မြေများကို ကချင် လွတ်လပ်ရေး တပ်မတော်က သိမ်းပိုက်ပြီးနောက်တွင် စစ်အာဏာသိမ်းပြီး ကတည်းက သတ္တုတွင်း တူးမှု အရေအတွက်မှာ တစ်နှစ်လျှင် နေရာသစ် ၇၇ ခု အထိ ပျှမ်းမျှရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ၃၆ ခုသို့ ကျဆင်းသွားခဲ့သည်။ ယင်းအချိန်နှင့် တစ်ပြိုင်နက်တည်းတွင် ရှမ်းပြည်နယ်၌ ချက်ချင်းဆိုသလို သတ္တုတွင်း တူးဖော်မှု အရှိန်အဟုန် မြင့်တက်လာပြီး ၂၀၂၅ ခုနှစ်တွင် သတ္တုတွင်း တူးသည့် နေရာသစ် ၂၃ ခု ပေါ်ပေါက် လာကာ ယခင် ၂ နှစ် အတွင်း တစ်နှစ်ပျှမ်းမျှ အရေအတွက်နှင့် နှိုင်းယှဉ်ပါက ၈၄ ရာခိုင်နှုန်း အထိ မြင့်တက်ခဲ့သည်။ ရှမ်းပြည်နယ်တွင် အာဏာ မသိမ်းမီ သတ္တုတွင်း တူးဖော်ရာ နေရာ ၁၂ ခုသာ ရှိခဲ့ရာမှ အာဏာ သိမ်းပြီးနောက်ပိုင်း ၈၅ ခု အထိ တိုးလာပြီး ဝပြည် သွေးစည်းညီညွတ်ရေး တပ်မတော်၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်နှင့် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်

https://bangkok.ohchr.org/sites/default/files/documents/2024-12/hrc51_21_sep_2022.pdf နှင့် https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=30832 တို့တွင် ကြည့်ရှုနိုင်ပါသည်။

[23] https://www.unodc.org/roseap/uploads/documents/Publications/2025/Myanmar_Opium_survey_2025_web.pdf

[24] https://bangkok.ohchr.org/sites/default/files/documents/2025-01/online-scam-operations-2582023.pdf

[25] https://globalwitness.org/en/campaigns/transition-minerals/fuelling-the-future-poisoning-the-present-myanmars-rare-earth-boom/ တွင် ကြည့်ရှုနိုင်ပါသည်။

[26] https://gis.stimson.org/portal/apps/dashboards/6f9faed324854a119390df7e3b38057c

စသည့် လက်နက်ကိုင် အဖွဲ့များ၏ အာဏာစက် အောက်တွင် ၆၀၀ ရာခိုင်နှုန်း အထိ ချဲ့ထွင်လာခြင်း ဖြစ်သည်။

၃၃။ ကုမ္ပဏီနှင့် အကောက်ခွန် ဆိုင်ရာ စာရွက်စာတမ်းများ အပါအဝင် တရားဝင် မှတ်တမ်းများ ရရှိနိုင်မှု အကန့်အသတ်များ ရှိသော်လည်း တွေ့ရှိချက်များ အရ သတ္တု တူးဖော်ရေး လုပ်ငန်းများကို အိမ်နီးနားချင်း တရုတ် ဈေးကွက် အတွက် အဓိက ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ညွှန်ပြနေပြီး ၎င်းတို့၏ ကုန်သွယ်စီးဆင်းမှုမှာ ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံး ဖြစ်ကာ အမေရိကန် ဒေါ်လာ ၁. ၄ ဘီလီယံ အထိ ရှိခဲ့သည်။[27] လတ်တလော လေ့လာချက်များ အရ ၂၀၂၅ ခုနှစ်တွင် မြန်မာ နိုင်ငံမှ တရုတ် နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၆၂၀ သန်း တန်ဖိုးရှိ မြေရှား သတ္တုများ တင်ပို့ခဲ့ကြောင်း သိရသည်။[28] အဆိုပါ သတ္တု တူးဖော်ရာ လုပ်ငန်းနေရာများနှင့် ဆက်စပ်၍ သတင်း အချက်အလက် ရယူနိုင်မှုကို တားမြစ်ခြင်း သို့မဟုတ် တင်းကျပ်စွာ ထိန်းချုပ်ခြင်းတို့ကြောင့် ယေဘူယျ အခြေအနေ တစ်ရပ်လုံးမှာ သတင်း အမှောင်ကျနေသည့် အခြေအနေ ဖြစ်ကြောင်း ကချင်နှင့် ရှမ်းပြည်နယ်မှ အင်တာဗျူး ဖြေဆိုသူများက ဖော်ပြခဲ့ကြသည်။ သတ္တုတူးဖော်ရေး လုပ်ငန်းများကို အများအားဖြင့် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများက စီမံခန့်ခွဲနေပုံ ရပြီး စီမံခန့်ခွဲရေးတွင်လည်း နိုင်ငံခြားသား ဝန်ထမ်းများကိုသာ အသုံးပြုနေသောကြောင့် ဒေသခံ လူမှု အသိုင်းအဝိုင်းနှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများ အနေဖြင့် အဆိုပါ နေရာများတွင် လုပ်ကိုင်နေသော ကုမ္ပဏီ လုပ်ငန်းများ အကြောင်းကို လုံးဝ မသိရှိရကြောင်း ဖော်ပြခဲ့ကြသည်။

၃၄။ ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် တရားမဝင် အကျိုး စီးပွားဖြစ်မှုကို အထောက်အပံ့ ဖြစ်စေသည့် ပါဝင် ပတ်သက်သူများနှင့် အဖွဲ့အစည်းများ အကြား ရှုပ်ထွေးလှသော ဆက်နွယ်မှု ကွန်ရက်တစ်ခု ရှိကြောင်း ဘဏ္ဍာရေး ဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ အရ မီးမောင်းထိုးပြနေပါသည်။ မြန်မာ စစ်တပ် ထိန်းချုပ်ထားသော ကော်ပိုရေးရှင်း ဖြစ်သည့် မြန်မာ့ စီးပွားရေး ဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) တို့၏ သတ္တု တူးဖော်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး အပေါ် လက်ဝါးကြီးအုပ်ထားမှုများ ဆက်လက် တည်ရှိနေသော်လည်း[29] ဤလုပ်ငန်းစုကြီးများသည် သတ္တုတွင်းများကို တိုက်ရိုက် ပိုင်ဆိုင်ခြင်းထက် အကျိုးအမြတ် ခွဲဝေမှု ယန္တရားများတွင် ပါဝင်နိုင်ရန် လက်အောက်ခံ ကုမ္ပဏီများနှင့် မဟာမိတ် ပြည်သူ့စစ် အဖွဲ့များကို အသုံးချနေပုံ ပေါ်ပါသည်။ အလားတူပင် နိုင်ငံခြား စီးပွားရေး လုပ်ငန်းများသည် တရားဝင် မှတ်ပုံ တင်ထားသည့် အဆင့် အမျိုးမျိုး ရှိသည့် လက်အောက်ခံ ကုမ္ပဏီများမှ တစ်ဆင့် လည်ပတ် လုပ်ကိုင်နေကြောင်း ဘဏ္ဍာရေးနှင့် အကောက်ခွန် မှတ်တမ်းများ အရ သိရှိခဲ့ရသည်။ မြေရှား သတ္တုများကို လက်နက်ကိုင် အဖွဲ့များ ထိန်းချုပ်သည့် နယ်စပ်ဂိတ်များမှ တစ်ဆင့် ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်နေကြောင်း အင်တာဗျူး ဖြေဆိုသူများနှင့် ဓာတ်ပုံများအား ခွဲခြမ်း စိတ်ဖြာချက် အရ သိရသည်။ အခြား တရားမဝင် စီးပွားရေး လုပ်ငန်းများ ကဲ့သို့ပင် ဤအခြေအနေသည်လည်း ကိန်းဂဏန်းနှင့် သတင်း အချက်အလက် ရယူနိုင်ရေးကို အတားအဆီး ဖြစ်စေပြီး နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းကြီးများ၏ လက်အောက်ခံ ကုမ္ပဏီများ စည်းမဲ့ကမ်းမဲ့ ဆောင်ရွက်မှုကို လစ်လျူရှုကာ ၎င်းလုပ်ငန်းများ၏ နိုင်ငံရေး၊ လူမှု စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆိုင်ရာ ဆိုးကျိုး သက်ရောက်မှု ဝန်ထုပ်ဝန်ပိုးများကိုမူ ဒေသခံ အသိုင်းအဝန်းများကသာ ခါးစည်းခံရသည်။

[27] https://resourcetrade.earth/?year=2023&exporter=104&importer=156&category=187&units=value&autozoom=1

[28] https://www.stimson.org/2026/mining-conflict-and-environmental-action-in-myanmars-borderlands/

[29] မြန်မာစစ်တပ်၏ စီးပွားရေး အကျိုးအမြတ်များနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက် ရှာဖွေရေးမစ်ရှင်၏ ဆွေးနွေးပွဲမှတ်တမ်း စာတမ်း (conference room paper) တွင် ကြည့်ပါ။

## ခ။ သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုနှင့် နယ်စပ် ဖြတ်ကျော်လာသည့် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှု

၃၅။ မြေရှား သတ္တု တူးဖော်မှုသည် ဓာတုပျော်ရည်အား မြေအောက် တိုက်ရိုက်သွတ်သွင်း၍ သတ္တု တူးဖော်သည့် နည်းစနစ်များ (in-situ leaching methodologies) ကို စည်းမဲ့ကမ်းမဲ့ ကျင့်သုံးခြင်းကြောင့် ပင်ကိုယ်ကပင် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းစေသော သဘော သဘာဝ ရှိပြီး ကြီးလေးသော သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ စိုးရိမ် ပူပန်မှုများနှင့် အတူ အသက် အန္တရာယ်၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ဆက်စပ် အန္တရာယ်များကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဖော်ပြပါ နည်းစနစ်သည် သဘာဝ ပတ်ဝန်းကျင်အား အလွန်အမင်း ထိခိုက်ပျက်စီးစေသော နည်းစနစ် တစ်ခု အနေဖြင့် တောင်စောင်းများတွင် ကျင်း ထောင်ပေါင်း များစွာအား ကွန်ရက်ကဲ့သို့ တည်ဆောက်ရန် အတွက် ကျယ်ပြန့်သော သစ်တော ဧရိယာများစွာကို ခုတ်ထွင် ရှင်းလင်းရန် လိုပြီး[30] မြေဆီလွှာကို အလျင်အမြန် ပျက်စီးစေပါသည်။ ကုမ္ပဏီများသည် အဓိက ကျောက်သားမှ လိုလားသော ဒြပ်သတ္တုများကို ခွဲခြား ထုတ်ယူရန် အတွက် အမိုနီယမ် ဆာလဖိတ်နှင့် အမိုနီယမ် ကလိုရိုက် ကဲ့သို့ အန္တရာယ်များလှသည့် ဓာတု ပျော်ရည် အများအပြားကို တောင်စောင်းရှိ ကျင်းပေါက်များ အတွင်း တိုက်ရိုက် လောင်းသွင်းခဲ့ကြကြောင်း ကျွမ်းကျင်သူများက မီးမောင်းထိုး ဖော်ပြခဲ့သည်။[31] ဓာတု ပစ္စည်းများ စိမ့်ဝင် ပျံ့နှံ့မှုသည် တောင်တန်းဒေသ၏ ပင်ကိုယ် ဖွဲ့စည်းပုံကို ယိုယွင်း ပျက်စီးစေပြီး မြေသားကို အားပျော့စေကာ ရာသီအလိုက် မုတ်သုံမိုး ရွာသွန်းချိန်တွင် လူ့အသက်ပေါင်း များစွာ ဆုံးရှုံးစေနိုင်သည့် မြေပြိုမှုများကို ဖြစ်စေခဲ့ပါသည်။ ဤသို့ သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ယိုယွင်းပျက်စီးမှုသည် ရာသီဥတု ပြောင်းလဲမှုအား ကြံ့ကြံ့ခံနိုင်စွမ်းကို ပြင်းထန်စွာ ထိခိုက်စေပြီး ကျယ်ကျယ်ပြန့်ပြန့် သစ်တော ပြုန်းတီးမှုနှင့် တောင်စောင်းများ ပျက်စီးမှုတို့ကြောင့် မြေကြီး၏ ရေထိန်းသိမ်းနိုင်စွမ်းကို ကန့်သတ်လိုက်သဖြင့် မိုးရွာသွန်းသည့် အခါ ဆိုးရွားသော ရေကြီးရေလျှံမှုများ ဖြစ်စေခဲ့ပါသည်။ သတ္တု တူးဖော်သည့် စခန်းများတွင် စွန့်ပစ်ရေ သန့်စင်သည့် အခြေခံ အဆောက်အအုံ သို့မဟုတ် စွန့်ပစ်ရေ စိမ့်ထွက်မှု ထိန်းချုပ်ရေး အစီအမံများ မရှိသောကြောင့် သတ္တုတူးဖော်မှုမှ ရလာသည့် အဆိပ်သင့်ရေများသည် အနီးအနားရှိ မြစ်ချောင်း အတွင်းသို့ တိုက်ရိုက် စီးဝင်ကာ ပြည်တွင်း၌ သာမက အိမ်နီးနားချင်း နိုင်ငံများအထိ ပြင်းထန်သော ဓာတုဗေဒ ဆိုင်ရာ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ဖြစ်ပေါ်စေခဲ့သည်။ သတ္တု တူးဖော်ရေး လုပ်ငန်း လည်ပတ်နေသော နေရာ၏ မြစ်ရေစီးကြောင်း အောက်ဘက်မှ ကောက်ယူရရှိသော ရေနှင့် နုန်းမြေ နမူနာများတွင် အာဆင်းနစ်၊ ကဒ်မီယမ်၊ ခဲနှင့် ဒစ်စ်ပရိုစီယမ် ကဲ့သို့သော ရေဒီယို သတ္တိကြွ အကြီးစား မြေရှား သတ္တု ဒြပ်စင်များ အပါအဝင် အဆိပ်သင့် သတ္တု ဒြပ်စင်များ မြင့်မားစွာ ပါဝင်၍ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို မှတ်တမ်း တင်ခဲ့သည်။[32] အန္တရာယ် ရှိသော စွန့်ပစ်ရေကြောင့် မြစ်ချောင်း ရေလမ်းကြောင်း တလျှောက် မီးခိုးရောင် သို့မဟုတ် အဝါရောင် ရေစီးကြောင်း အဖြစ် ပြောင်းလဲသွားပြီး အဆိပ်ငွေ့ အနံ့အသက်ဆိုးများ ရနေကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့ကြသည်။

၃၆။ စည်းမဲ့ကမ်းမဲ့ သတ္တုတွင်း တူးဖော်မှု၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးဆက်များ အနေဖြင့် မြန်မာ နိုင်ငံ နယ်နိမိတ် ပြင်ပ၊ မြစ်ချောင်း ရေစီးကြောင်း အောက်ဘက် ဒေသရှိ လူမှု အသိုင်းအဝန်းများနှင့် ၎င်းတို့၏ လူ့အခွင့်အရေး စံစားခွင့်များ အပေါ် ပြင်းထန်သော အန္တရာယ်များ

---

[30] https://www.info-res.org/app/uploads/2025/05/Rare-Earth-Mining-Report.pdf

[31] https://earthrights.org/wp-content/uploads/2025/05/Rare-Earth-Report-April-2025.pdf, https://www.stimson.org/2026/mining-conflict-and-environmental-action-in-myanmars-borderlands/

[32] https://earthrights.org/wp-content/uploads/2025/05/Rare-Earth-Report-April-2025.pdf

ကျရောက်စေပါသည်။ ထိုင်းနိုင်ငံ မြောက်ပိုင်းတွင် အလွန်အမင်း ရေနောက်ခြင်း၊ ရွှံ့နွံတော ကဲသို့ ဖြစ်လာခြင်း၊ မြေပြိုခြင်းနှင့် အဆိပ်သင့်မှုများကြောင့် ကုတ်မြစ်ကို ဆိုးရွားစွာ ညစ်ညမ်းစေခဲ့သည်။ လွတ်လပ်သော ဆန်းစစ်ချက်များ အရ နုန်းမြေ နမူနာ အများအပြားတွင် အာဆင်းနစ်၊ ခဲ၊ ပြဒါးနှင့် မန်းဂနိစ် ဓာတ်များ ပါဝင်မှုကို အတည်ပြုခဲ့ပြီး မြစ်ရေစီးကြောင်း အောက်ပိုင်းတွင် တွေ့ရသည့် ဓာတုနှင့် ဇီဝ ဗေဒ ဆိုင်ရာ အမှတ် သင်္ကေတများသည် မြန်မာနိုင်ငံ အထက်ဘက် မြစ်ညာပိုင်းရှိ သတ္တု တူးဖော်ရေး လုပ်ငန်းများမှ စီးဆင်းလာခြင်း ဖြစ်ကြောင်း ညွှန်ပြနေပါသည်။[33] ဤကဲ့သို့ ကျယ်ပြောလာနေသော နယ်စပ်ဖြတ်ကျော် သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုသည် ထိုင်းနိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံများမှ လူမှု အသိုင်းအဝန်း အတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်မှုကို တိုက်ရိုက် ထိခိုက်စေပါသည်။

၃၇။ စစ်အာဏာသိမ်းပြီး နောက်ပိုင်း အုပ်ချုပ်ရေး ယန္တရား ပြိုလဲမှုနှင့် တရား ဥပဒေ စိုးမိုးမှု ကင်းမဲ့ခြင်းတို့ကြောင့် မြန်မာ စစ်တပ်နှင့် နိုင်ငံခြား အကျိုးစီးပွားရေး လုပ်ငန်းများကို အကျိုးအမြတ် ဖြစ်စေပြီး အမြတ်အစွန်း ဦးစား ပေးသော အကြီးစား သတ္တု တူးဖော်ရေး စီမံကိန်းကြီးများမှာ အဆမတန် ပွားများလာကာ ဒေသခံ လူမှု အသိုင်းအဝန်း အပေါ်သာ ဝန်ထုပ်ဝန်ပိုး ဖြစ်စေပါသည်။ ဤသို့ ခေါင်းပုံဖြတ်သည့် စနစ်ဖြင့် လည်ပတ်နေသော ပုံစံတူ အခင်းအကျင်းသည် ကြီးမားလှသော အခြေခံ အဆောက်အအုံ ဆိုင်ရာ စီမံကိန်းကြီးများ အထိ ကျယ်ပြန့်လာပြီး အလွန် အငြင်းပွားဖွယ် ဖြစ်သော မြစ်ဆုံဆည် စီမံကိန်းကို ကချင်ပြည်နယ်၌ ပြန်လည် စတင်ရန် မြန်မာ စစ်တပ်၏ ရည်ရွယ်ချက်က ဖော်ပြပါ အချက်ကို အတည်ပြုပေးနေပါသည်။ ဤမြေဆုံ စီမံကိန်းသည် လူမှု အသိုင်းအဝန်းများ အကြား တင်းမာမှုများကို အရှိန်မြှင့်ပေးခဲ့ပြီး ၎င်းစီမံကိန်းအား ၂၀၁၁ ခုနှစ်တွင် ဆိုင်းငံ့မထားမီ အချိန် အထိ မြန်မာ စစ်တပ်၏ အကြမ်းဖက် လုပ်ရပ်များနှင့် အရပ်သား ပြည်သူများ နေရပ်စွန့်ခွာရမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားစေခဲ့ပါသည်။[34] မြစ်ဆုံ ကဲ့သို့ လုပ်ငန်းကြီးများအား ပြန်လည် စတင်ရန် တွန်အားပေး ဆောင်ရွက်မှု အရ စစ်တပ်သည် ဒေသခံ လူမှု အသိုင်းအဝန်း၏ လိုလားချက် တောင်းဆိုမှုများကို လစ်လျူရှုကြောင်း ပြသနေပြီး[35] ၎င်းစီမံကိန်းအား ဆန့်ကျင်သည့် မည်သည့် လုပ်ရပ်ကိုမဆို လက်တုံ့ပြန်မည်ဟု ခြိမ်းခြောက်မှုများ ရှိကြောင်း တွေ့ဆုံမေးမြန်း ခံရသူများက တင်ပြခဲ့သည်။ မြေရှားသတ္တု တူးဖော်ရေး ကဲ့သို့ပင် မြစ်ဆုံ စီမံကိန်းကြောင့် သဘာဝ ပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုနှင့် ဒေသခံ အသိုင်းအဝန်းများအား ဖယ်ရှားမှုတို့သည် အတိတ်က နာကြည်းချက်များကို ပြန်လည် နိုးထစေပြီး အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စိန်ခေါ်မှုများကို ပိုမို ကြီးထွားစေနိုင်ပါသည်။

## ဂ။ အရပ်သားများအား အကာအကွယ်ပေးမှု အပေါ် သက်ရောက်မှုများ

### ၁။ အမျိုးသမီးနှင့် မိန်းကလေးများ

၃၈။ အမျိုးသမီးနှင့် မိန်းကလေးများသည် အိမ်အတွက် ရေခပ်ခြင်း၊ ချက်ပြုတ် ပြင်ဆင်ခြင်းနှင့် မိသားစုကို ပြုစုစောင့်ရှောက်ခြင်းအား တာဝန်ယူရသောကြောင့် နက်ရှိုင်းစွာ အမြစ် တွယ်နေသော ကျား/မ တန်းတူညီမျှမှု မရှိခြင်းနှင့် ညစ်ညမ်းနေသော သောက်သုံးရေ အရင်းအမြစ်များနှင့် ပိုမို ထိတွေ့ရခြင်းကြောင့် အမျိုးသားများနှင့် မတူ သီးခြား ဖြစ်သော၊ ပိုမို ဆိုးရွားသော အန္တရာယ်များကို ရင်ဆိုင်နေကြရသည်။ မိမိ ဒေသရှိ မြစ်ချောင်းများမှာ ဓာတုဓာတ်ဖြင့် ညစ်ညမ်းလာခြင်းကြောင့်

[33] https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=30759

[34] https://docs.un.org/en/A/HRC/19/67

[35] https://progressivevoicemyanmar.org/2026/04/01/statement-of-position-by-the-kachin-state-human-rights-defenders-network-kshrdn-regarding-the-attempted-resumption-of-the-myitsone-dam-project

အမျိုးသမီးများသည် သန့်ရှင်းသော သောက်သုံးရေ ရရှိရန် အတွက် အလွန် ဝေးကွာသော မြစ်ညာဘက်သို့ သွားရောက်ရပြီး ၎င်းတို့၏ နေ့စဉ် ကိုယ်ကာယ ပင်ပန်းဆင်းရဲမှုများ အပြင် ကိုယ်ရေးကိုယ်တာ မလုံခြုံရေး အန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ခြေ ပိုမို မြင့်မားလာခဲ့ပါသည်။ ညစ်ညမ်းသော ရေနှင့် ထပ်ခါတလဲလဲ ထိတွေ့သူများသည် အရေပြား ရောဂါ၊ အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ကျန်းမာရေး ပြဿနာများနှင့် ကျောက်ကပ်နှင့် အစာအိမ် အူလမ်းကြောင်း ဆိုင်ရာ ရောဂါများကို ဖြစ်စေခဲ့သည်။ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုသည် မိခင်နှင့် မျိုးဆက်ပွား ကျန်းမာရေး ကျန်းမာရေး အပေါ် သက်ရောက်မှု ရှိပြီး ဒေသတွင်း အဖွဲ့များ၏ မှတ်တမ်းတင်မှုများ အရ ကိုယ်ဝန်ပျက်ကျမှု၊ ကိုယ်ဝန် ဆောင်စဉ်၊ မီးဖွားစဉ် သို့မဟုတ် မီးဖွားပြီးနောက် ပြင်းထန်စွာ သွေးဆင်းမှုနှင့် ကိုယ်ဝန် ဆောင်ခြင်း ဆိုင်ရာ နောက်ဆက်တွဲ ပြဿနာများမှာ သိပ်သည်းဆများသော အဆိပ်သင့် သတ္တုနှင့် ဓာတု ဓာတ်ပစ္စည်းများနှင့် ထိတွေ့မှုကြောင့် ဖြစ်ကြောင်း အတည်ပြုခဲ့သည်။[36]

၃၉။ စီးပွားရေး အခွင့်အလမ်း ကင်းမဲ့ခြင်း၊ နေရပ်စွန့်ခွာခြင်းနှင့် အဓမ္မ စစ်သား စုဆောင်းခြင်း တို့ကြောင့် နိုင်ငံတွင်းရှိ လူဦးရေ ဆိုင်ရာ အချိုးအစားမှာ ပြောင်းလဲသွားရပြီး သတ္တု တူးဖော်ရေး အပိုင်းသို့ အမျိုးသမီးများ အလုံးအရင်း ဝင်ရောက်လာခဲ့သည်။ ယင်းသည် ပြစ်ဒဏ် ကင်းလွတ်ခွင့် အပြည့်အဝ ရထားသော အလုပ်သမား ကြီးကြပ်ရေးမှူး၊ အစောင့်နှင့် ပြည်သူ့စစ် အဖွဲ့ဝင်များ၏ လိင်အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု အန္တရာယ်များကို ပိုမို ရင်ဆိုင်ခဲ့ရသည်။ အမျိုးသမီးများအား အလွတ်သဘော ဝန်ဆောင်မှု ပေးသည့် အလုပ်တွင်သာ ကန့်သတ်ထားပြီး "ရေစောင့်ကြည့်သူများ" အဖြစ် ငှားရမ်းထားကာ တောင်စောင်း တွင်းပေါက်များမှ တစ်ဆင့် အန္တရာယ်ရှိသော ဓာတုပျော်ရည် စီးဆင်းမှုကို စောင့်ကြည့်ရန် တာဝန်ပေးခံရကြောင်း၊ ထိုသို့ တာဝန်ပေးရာတွင် ဥပဒေ အကာအကွယ်မှ မရှိဘဲ ဝေးလံ ခေါင်ဖျားသော ဒေသများတွင် လူသူကင်းမဲ့သော အခြေအနေမျိုး၌ မနက်/ ည ဆယ့်နှစ် နာရီ အလှည့်ကျ စနစ်ဖြင့် မကြာခဏ လုပ်ကိုင်ခဲ့ရကြောင်း သိရသည်။[37] လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုနှင့် လုပ်သားအပေါ် အနိုင်ကျင့် အမြတ်ထုတ်သော အလေ့အထများသည် သတ္တုတူးဖော်ရေး လုပ်ငန်းများတွင် ဝန်ထမ်း ခန့်အပ်သည့် ဖွဲ့စည်းပုံ အတွင်း စနစ်တကျ အမြစ်တွယ်နေပါသည်။ ထမင်းချက် သို့မဟုတ် သန့်ရှင်းရေး လုပ်သား ကဲ့သို့ ပုံမှန် အလုပ်အကိုင် ရရှိရန် ကြိုးပမ်းနေကြသော အမျိုးသမီးများသည် လုပ်ငန်း အဖွဲ့အစည်း အတွင်း စနစ်တကျ လိင်ပိုင်းဆိုင်ရာ အကျပ်ကိုင် ရယူမှုများကို ရည်ညွှန်းသည့် ဒေသ အခေါ် "အရော" သို့မဟုတ် "ရာထူးရောနှောသည့်" အစီအစဉ်များဖြင့် အလုပ် ခေါ်ခံရလေ့ ရှိကြောင်း ဆွေးနွေးတိုင်ပင်သူများမှ သိရသည်။ ဤစနစ် အတွင်း၌ လုပ်ငန်းခွင် မန်နေဂျာများသည် လုပ်အားခ ပေးချေမှုနှင့် အလုပ် ဆက်လက် ခန့်အပ်ထားမှုကို လိင်ပိုင်း ဆိုင်ရာ ဝန်ဆောင်မှု ပေးခြင်းဖြင့် အတိအကျ သတ်မှတ်ခဲ့ပြီး ထိုသို့ လိုက်လျောမှု မရှိပါက အလုပ် ထုတ်ပစ်ခြင်းဖြင့် အပြစ်ပေးခဲ့သည်။ ထိုအခြေအနေအား တွေ့ကြုံခံစားရ သူများသည် လိင်ပိုင်းနှင့် လုပ်ငန်းခွင် ဆိုင်ရာ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုများအား တိုင်ကြားပါက လက်တုံ့ ပြန်သည့် အနေဖြင့် အလုပ်ထုတ်ခံရမည်ကို အလွန်အမင်း ကြောက်ရွံ့ခြင်း၊ လူမှုရေး အရ အရှက်ရခြင်း၊ ဘာသာစကား အခက်အခဲနှင့် အခြေအနေ အရပ်ရပ် အပေါ် မူတည်၍ ခွဲခြား ဆက်ဆံ ခံရခြင်းနှင့် ယုံကြည်စိတ်ချရသော တိုင်ကြားရေး စနစ်များ မရှိခြင်းတို့ကြောင့် တိုင်ကြားရန် လက်ရှောင်ခဲ့ကြသည်။[38] ဤသို့သော အခြေအနေတွင် ကျူးလွန်သူများသည် ပြင်ပမှ စောင့်ကြည့် စစ်ဆေးမှု သို့မဟုတ် တရား ဥပဒေ အရ အရေးယူ အပြစ်ပေးမှုများမှ အကာအကွယ် ရရှိနေသဖြင့် ပြစ်ဒဏ် ကင်းလွတ်ခွင့်

[36] https://drive.google.com/file/d/1X6PwVsqH8lgCpe5mSVZh_ag8_nuM0Iat/view တွင် ကြည့်ရှုပါ။

[37] https://warwick.ac.uk/fac/arts/schoolforcross-facultystudies/research/projects/rare_earth_mining_myanmar/briefing_paper_3_labour_practices_and_working_conditions.pdf

[38] https://drive.google.com/file/d/1X6PwVsqH8lgCpe5mSVZh_ag8_nuM0Iat/view

ရနေမှုမှာ ပိုမို အားကောင်းလာပြီး လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုနှင့် လုပ်အား အပေါ် ခေါင်းပုံဖြတ်မှုတို့မှာ စနစ်တကျဖြင့် ထပ်ခါတလဲလဲ ဖြစ်ပွားနေသည်။

၄၀။ ဘေးပတ်ဝန်းကျင်မှ လူမှု အသိုက်အဝန်းရှိ အမျိုးသမီးနှင့် မိန်းကလေးများသည်လည်း နိုင်ငံခြား အလုပ်သမားနှင့် ယာယီ ရွှေ့ပြောင်းလုပ်သားများ အလုံးအရင်း ဝင်ရောက်လာမှုကြောင့် ပိုမို ကြီးမားကျယ်ပြန့်သည့် လုံခြုံရေး အန္တရာယ်များကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရသည်။ အမျိုးသမီးနှင့် ကလေးများအား အကာအကွယ် ပေးထားသည့် ရိုးရာ လူမှု အသိုင်းအဝန်း အခြေပြု ဘေးကင်းလုံခြုံရေး ဖွဲ့စည်းပုံမှာလည်း ပျက်စီးယိုယွင်းလာခဲ့သည်။ ဥပမာအားဖြင့် ကိုယ်ဝန်ဖျက်ဆေးနှင့် သန္ဓေတားဆေးများ အပါအဝင် မျိုးဆက်ပွား ဆိုင်ရာ ဆေးဝါးများအား စည်းမဲ့ကမ်းမဲ့ ရောင်းချဖြန့်ဖြူးမှုနှင့် အတူ[39] အမျိုးသမီးများ ကိုယ်ဝန် ဖျက်ချရန် အမျိုးသားများက အဓမ္မ ဖိအား ပေးမှုများ သိသိသာသာ မြင့်တက်လာကြောင်း အရပ်ဘက် လူမှု အဖွဲ့အစည်းများက အစီရင်ခံ ခဲ့ကြသည်။ မြန်မာနှင့် တရုတ် နိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသည် ခေတ္တမျှ ချစ်ကြိုက်ကြပြီး ၎င်းတို့ အခြားနေရာသို့ ပြောင်းရွှေ့သွားချိန်တွင် အမျိုးသမီးနှင့် ကလေးများကို မည်သည့် ငွေကြေး ထောက်ပံ့မှုမျှ မပေးဘဲ စွန့်ပစ်သွားသဖြင့် အိမ်ထောင်ရေး စွန့်ပစ်ခံရမှုများ ရှိသည့် ကိစ္စရပ် အပေါ် အလွန်အမင်း စိုးရိမ်ဖွယ်ရာ ဖြစ်ကြောင်း ဆွေးနွေးတိုင်ပင်ပွဲများ၌ ပါဝင်သူများက အလေးပေး ပြောကြားခဲ့သည်။

၄၁။ ထိုသို့သော လုပ်ငန်းခွင်မှ နေရပ်ပြန်လာသော အမျိုးသမီးနှင့် စွန့်ပစ်ခံရသော မိခင်များသည် အမျိုးသား ကြီးစိုးသော ဖိုဝါဒ စံနှုန်းများ အမြစ်တွယ်နေသည့် လူမှု အသိုင်းအဝန်း၏ ပြင်းထန်သော ဝိုင်းပယ် နှိမ့်ချမှုဒဏ်ကို ရင်ဆိုင်ကြုံတွေ့ရသည်။ သတ္တုတွင်းတွင် အလုပ်လုပ်နေသော အမျိုးသမီး သို့မဟုတ် ၎င်းလုပ်သားများနှင့် ဆက်နွှယ်နေသော အမျိုးသမီးများသည် မည်သည့် တာဝန်မျိုးမဆို ထမ်းဆောင်ခဲ့သည် ဖြစ်စေ သတ္တုတွင်းနှင့် ဆက်နွှယ်နေသည့် အတွက် ဂုဏ်သိက္ခာ ကျဆင်းခြင်းနှင့် ဝိုင်းပယ်ခံရခြင်း တို့ကို ကြုံတွေ့ခဲ့ရသည့် အပြင် လူမှု အသိုင်းအဝန်းက ၎င်းတို့အား "အငှား မယား" ကဲ့သို့သော နှိမ့်ချစော်ကားသည့် အသုံးအနှုန်းများဖြင့် ခေါ်ဝေါ်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် လူမှုရေး အရ ဝိုင်းပယ်ခြင်း ခံရကြပြီး မိသားစု ဘဝ ပြန်လည် တည်ဆောက်ရာတွင် သို့မဟုတ် အိမ်ထောင်ပြုရာတွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရသည်။

## ၂။ အလုပ်သမားများ

၄၂။ စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း သတ္တု တူးဖော်ရေး လုပ်ငန်းများ ချဲ့ထွင်လာခြင်းသည် ခေါင်းပုံဖြတ်မှု လွန်ကဲပြီး စည်းမဲ့ကမ်းမဲ့ ဖြစ်နေသော အလုပ်သမား ဈေးကွက် တစ်ရပ်ကို ဖန်တီးခဲ့ကာ ၎င်းလုပ်ငန်းသည် ဘဝ အာမခံချက် မရှိသည့် ရွှေ့ပြောင်းအလုပ်သမား အများအပြား အပေါ်၌လည်း မှီခိုနေရသည်။ ကြုံတွေ့နေရဆဲ ဖြစ်သော စီးပွားရေး ပြိုကျမှုနှင့် လက်နက်ကိုင် ပဋိပက္ခကြောင့် နေရပ် စွန့်ခွာရမှုများကြောင့် နိုင်ငံတစ်ဝန်းရှိ ရွှေ့ပြောင်းလုပ်သားများသည် စနစ်တကျ အခွင့်အရေး ချိုးဖောက်ခံရခြင်း၊ လုပ်ငန်းခွင် ဆိုင်ရာ အသက်အန္တရာယ် များပြားခြင်းနှင့် နည်းဥပဒေ စည်းကမ်း အလိုက် ကြီးကြပ်ကွပ်ကဲမှု ကင်းမဲ့နေသည့် လုပ်ငန်းခွင် အခြေအနေ၌ ဝင်ရောက် လုပ်ကိုင်နေခဲ့ရသည်။ အလုပ်သမားများသည် တရားဝင် အလုပ်ခန့် စာချုပ် မရရှိအောင် စနစ်တကျ ပိတ်ပင်ခံထားရပြီး ၎င်းတို့၏ အလုပ်ရှင်များမှာ မည်သူမည်ဝါ တရားဝင် ဖြစ်ကြောင်း သို့မဟုတ် ကုမ္ပဏီ ဖွဲ့စည်းပုံနှင့် တာဝန်ခံမှု မည်သို့ ရှိကြောင်းကို လုံးဝ မသိရှိကြကြောင်း ဆွေးနွေး တိုင်ပင်စဉ် ကျွမ်းကျင်သူများက မီးမောင်းထိုး ဖော်ပြခဲ့ကြသည်။

၄၃။ အဆိုပါ သတ္တုတူးဖော်သည့် လုပ်ငန်းကဏ္ဍသည် လုပ်သားများကို နိုင်ငံသားနှင့် ကျား/မ ဖြစ်တည်မှု အပေါ် အခြေခံကာ သီးခြားစီ ခွဲခြားထားသည့် တင်းကျပ်ပြီး ခွဲခြားဆက်ဆံသော အဆင့်

[39] https://www.info-res.org/app/uploads/2025/05/Rare-Earth-Mining-Report.pdf

အလိုက် ခွဲခြားမှု စနစ်ဖြင့် လည်ပတ်နေကြောင်း ကျွမ်းကျင်သူများက မီးမောင်းထိုး ဖော်ပြခဲ့သည်။ နိုင်ငံခြားသားများသည် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် နည်းပညာပိုင်း ဆိုင်ရာ အင်ဂျင်နီယာ ရာထူး အသီးသီးတွင် အများစု ဦးဆောင် လုပ်ကိုင်ကြပြီး ပို၍များပြားသော ဝင်ငွေ ပမာဏကို ရရှိကြသလို အကာအကွယ်လည်း ပိုမို ရရှိကြသည်။ မြန်မာ အမျိုးသားများသည် ဓာတု ပျော်ရည် စိမ့်ဝင်စေမည့် ဥမင် လှိုင်ခေါင်းများ တူးဖော်ခြင်း၊ တောင်စောင်း အတွင်းသို့ အက်ဆစ် ပိုက်များ ရိုက်သွင်းခြင်းနှင့် သတ္တုချက် မီးဖိုများအား ကိုင်တွယ်ခြင်း အပါအဝင် အန္တရာယ်များလှသော ကာယ လုပ်အားကို စိုက်ထုတ်ကြရသည်။ အမျိုးသမီးများမှာမူ တောင်စောင်း တွင်းပေါက်များမှ အဆိပ်သင့် ဓာတု ပျော်ရည်များ စီးဆင်းမှုကို စောင့်ကြည့်ရသည့် အလုပ်၊ ချက်ပြုတ်ခြင်း နှင့် သန့်ရှင်းရေး လုပ်ခြင်း အပါအဝင် အလွတ်သဘော အလုပ်များ ဖြစ်သည့် အိမ်မှု ကိစ္စ အလုပ်များ ကဲ့သို့ အောက်ခြေ အဆင့် ရာထူးများတွင်သာ တာဝန် ထမ်းဆောင်ရန် စနစ်တကျ တွန်းပို့ခံရသည်။

၄၄။ ဝေးလံ ခေါင်ဖျားသည့် သတ္တုတူးဖော်ရေး လုပ်ငန်းခွင်များတွင် လုပ်ကိုင်ခွင့် ရရှိရေး အတွက် ပွဲစားခ တောင်းခံသည့် တရားမဝင် ပွဲစားများက တင်းကျပ်စွာ ချုပ်ကိုင်ထားသဖြင့် လုပ်သားများမှာ ကြွေးမြီဖြင့် ကျွန်ပြုခံရသည့် အကြွေး သံသရာ အတွင်း ကျရောက်စေခဲ့သည်။[40] တွေ့ဆုံမေးမြန်းမှု အရ သတ္တုတူးဖော်သည့် နယ်မြေများတွင် လုပ်အားခ ခေါင်းပုံဖြတ်မှုများမှာလည်း ကျယ်ကျယ် ပြန့်ပြန့် ရှိနေပြီး အလုပ်သမားများ၏ လုပ်အားခကို အကြောင်းမဲ့ မတရား လျှော့ချခြင်းနှင့် ငါးလမှ တစ်နှစ် အထိ လစာ ထုတ်မပေးဘဲ ဆိုင်းငံ့ထားခြင်းတို့ အစိုက်တစိုက် ရှိခဲ့ကြောင်း သိရသည်။ ဒေသ ဆိုင်ရာ အာဏာပိုင်များသည် ဖော်ပြပါ စနစ်တကျ အခွင့်အရေး ချိုးဖောက်မှုများ အပေါ် အရေး ယူရန် ပျက်ကွက်ခဲ့ပြီး အရေးယူနိုင်ခြင်း မရှိသည့် ဟန်ပြ အုပ်ချုပ်ရေး အမိန့် ထုတ်ပြန်ခြင်းနှင့် ကြားဝင် ဆောင်ရွက်မှု အပေါ်သာ အားထား လုပ်ဆောင်ပြကြသည်။ ၂၀၂၆ ခုနှစ် အစောပိုင်းတွင် ဝပြည်နယ် တရားစီရင်ရေး ကော်မရှင် ပြည်သူ့တရားရုံးက ကုမ္ပဏီများ အားလုံးသည် အလုပ်သမား လုပ်အားခများကို ရှင်းပေးရန်နှင့် မလိုက်နာပါက ပေးရန် ကျန်ရှိသည့် လုပ်အားခများ အပေါ် ၃၀ ရာခိုင်နှုန်း ဒဏ်ကြေးရိုက်မည်ဟု သတိပေးထားသည့် တရားဝင် အကြောင်းကြားစာ တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။[41] ဤအမိန့် ညွှန်ကြားချက် ထုတ်ပြန်ထားသော်လည်း သတ္တု တူးဖော်ရေး ကုမ္ပဏီ အများစုသည် ယင်းညွှန်ကြားချက်ကို လစ်လျူရှုကာ လုပ်အားခ ခေါင်းပုံဖြတ်မှုများကို ဆက်လက် လုပ်ဆောင်နေကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက အတည်ပြုခဲ့ကြသည်။ ရှမ်းပြည်နယ် တောင်ပိုင်းရှိ သတ္တု တူးဖော်ရေး အဖွဲ့များနှင့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်း ကွန်ရက်များ အကြား ဆက်နွယ်နေမှုသည် အဓိက စိုးရိမ်ဖွယ်ရာ ပြဿနာ ဖြစ်လာပြီး လူကုန်ကူးသူများသည် အွန်လိုင်း လိမ်လည်မှု လုပ်ငန်းများမှ အလုပ်သမားများကို သတ္တု တူးဖော်ရေး စခန်းများသို့ ပြောင်းရွှေ့ ချုပ်နှောင်ကာ အဓမ္မ လုပ်အားခိုင်းစေမှု မြောက်သည့် အခြေအနေ အောက်သို့ တွန်းပို့ခဲ့ကြောင်း ဖော်ပြထားသည်။[42]

၄၅။ လုပ်ငန်းခွင် ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေး စံချိန်စံညွှန်းများမှာ လုံးဝ နီးပါး ကင်းမဲ့နေပါသည်။ လုပ်ငန်းရှင် အနည်းစုကသာ ဘေးကင်း လုံခြုံရေး ဆိုင်ရာ အခြေခံ ပစ္စည်းများကို ပံ့ပိုးပေးသော်လည်း ကျန်လုပ်ငန်းရှင်များမှာမူ အကာအကွယ် အတွက် အသုံးအဆောင် ပစ္စည်းများ အလျဉ်း စီစဉ်ပေးခြင်း မရှိကြောင်း ဆွေးနွေးချက်များ အရ သိရသည်။ ဓာတု ပစ္စည်း ထုတ်ပိုးမှုမှာ တရုတ် ဘာသာစကား တစ်ခုတည်းကိုသာ သုံးစွဲထားသည့် အပြင် ဘေးအန္တရာယ် ရှိသော ဓာတု

[40] https://warwick.ac.uk/fac/arts/schoolforcross-facultystudies/research/projects/rare_earth_mining_myanmar/briefing_paper_3_labour_practices_and_working_conditions.pdf

[41] https://mp.weixin.qq.com/s/8wxIvSUHuFVfkdbvVz6zoA

[42] https://shanhumanrights.org/?p=5051

ပစ္စည်းများ ကိုင်တွယ်အသုံးပြုမှု ဆိုင်ရာ လေ့ကျင့်သင်ကြားမှု အလျဉ်းမရှိခဲ့ပေ။ လိုအပ်သည့် အသိပညာ ပေးမှုနှင့် ဘေးအန္တရာယ် ကာကွယ်ရေး ဆိုင်ရာ ပစ္စည်းများ မရှိသည့် အတွက် အလုပ်သမားများသည် ပြင်းထန်သည့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ဝေဒနာများ၊ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း၊ ဓာတု ပစ္စည်း ထိတွေ့ရာ နေရာ၌ လောင်ကျွမ်းခြင်းနှင့် အစာအိမ် အူလမ်းကြောင်း ဆိုင်ရာ ရောဂါများကို ခံစားခဲ့ရကြောင်း တွေ့ဆုံ မေးမြန်းမှုများ အရ သိရသည်။ အဆိပ်သင့် ဓာတု ပစ္စည်းများနှင့် ရေရှည် ထိတွေ့ရမှုကြောင့် ခန္ဓာကိုယ် အတွင်း အဆိပ်ဓာတ်များ စုပုံလာကာ အဆုတ်၊ ကျောက်ကပ်နှင့် အသည်း ဆိုင်ရာ နာတာရှည် ရောဂါများ ဖြစ်ပွားခဲ့သည်။

၄၆။ ခြွင်းချက် အနေဖြင့် ဖြစ်ရပ် တစ်ခုမှလွဲ၍ သတ္တု တူးဖော်ရေး လုပ်ကိုင်သူများ အကြား ပြဋ္ဌာန်းကျင့်သုံးသည့် သိသာထင်ရှားသော စည်းမျဉ်း မူဘောင်များ မရှိသလောက်ပင် ဖြစ်သည်။ ၂၀၂၅ ခုနှစ်တွင် ကချင် လွတ်မြောက်ရေး အဖွဲ့ (KIO) သည် မြေရှား သတ္တု တူးဖော်ရေး လုပ်ငန်းများ၏ နောက်ဆက်တွဲ သက်ရောက်မှုများကို ကြီးကြပ်စောင့်ကြည့်ရန်နှင့် ထိခိုက်မှုများ လျှော့ချနိုင်ရန် အဖွဲ့အစည်းအတွင်း လမ်းညွှန်းချက်များကို ထုတ်ပြန်ခဲ့သည်။ တိုးတက်မှု တစ်ခု အနေဖြင့် အဆိုပါ စည်းမျဉ်းများ၌ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းဝေးရေး ပစ္စည်းများ မဖြစ်မနေ အသုံးပြုရန်နှင့် လုပ်အားခကို အချိန်မီ ပေးချေရန် ပြဋ္ဌာန်းထားသော်လည်း လွတ်လပ်သော စောင့်ကြည့် လေ့လာမှုနှင့် နစ်နာမှုအား တိုင်ကြားနိုင်သည့် စနစ် ယန္တရားများ မရှိခြင်းကြောင့် ၎င်းတို့ ပြဋ္ဌာန်းချက်အား အကောင်အထည် ဖော်ဆောင်နိုင်စွမ်း အပေါ် မေးခွန်း ထုတ်စရာ ဖြစ်နေဆဲ ဖြစ်သည်။ ထို့အပြင် OHCHR မှ လေ့လာဆန်းစစ်ခဲ့သော အချို့ ပြဋ္ဌာန်းချက်များတွင် သတင်း အချက်အလက် မျှဝေမှုကို ကန့်သတ်ရန်နှင့် လုပ်ငန်းရှင်များအား ပြင်ပမှ စောင့်ကြည့် စစ်ဆေးမှုမှ အကာအကွယ် ပေးရန် ရည်ရွယ်ထားပုံ ရပြီး ၎င်းတွင် အလုပ်သသမားများ အနေဖြင့် သတ္တု တူးဖော်သည့် လုပ်ငန်း နယ်မြေအတွင်း ဓာတ်ပုံ သို့မဟုတ် ဗီဒီယို ရိုက်ကူးခြင်းကို တားမြစ်မှုလည်း ပါဝင်သည်။

## ၃။ ဒေသခံ လူမှု အသိုင်းအဝန်းများ

၄၇။ တိုင်းရင်းသား လူနည်းစု အများစု ပါဝင်သော ဒေသခံ လူမှု အသိုင်းအဝန်းများသည် ၎င်းတို့၏ လူမှု စီးပွား အခြေခံ အုတ်မြစ်များနှင့် အထွေထွေ လုံခြုံရေးတို့ အပေါ် ပြင်းထန်သည့် ရိုက်ခတ်မှုများကို ကြုံတွေ့ခဲ့ရသည်။ မြေရှား သတ္တု တူးဖော်ရာ နေရာများ အနီး နေထိုင်ကြသည့် လူမှု အသိုင်းအဝန်းများသည် ၎င်းတို့၏ အဓိက ဝမ်းစာအတွက် စိုက်ပျိုးရေး လုပ်ငန်း အပေါ်၌သာ ရှေးယခင်ကတည်းက မှီခိုခဲ့ကြခြင်း ဖြစ်သည်။ ဓာတုရည်များ ထည့်ထားသည့်ကန်မှ အဆိပ်သင့် စွန့်ပစ်ရေများသည် မြစ်ချောင်း အောက်ပိုင်းရှိ စိုက်ပျိုးမြေများ အတွင်းသို့ တိုက်ရိုက် စီးဝင်မှုကြောင့် မြေဆီလွှာများ စိုက်ပျိုးမရအောင် ပျက်စီးခဲ့ရပြီး မပျက်စီးဘဲ သီးနှံအချို့ ရှင်သန် ကျန်ရှိခဲ့လျှင်ပင် အထွက်နှုန်းနှင့် အရည်အသွေးကို ဆိုးရွားစွာ ကျဆင်းစေခဲ့သဖြင့် တောင်သူများ၏ ဝင်ငွေကို သိသိသာသာ လျော့ကျစေခဲ့သည်။[43] အလားတူ အခြေအနေ၌ လိမ္မော်သီး၊ သစ်ကြားသီး၊ ဖာလာ၊ နာနတ်ပွင့်နှင့် ကြံ အပါအဝင် ဒေသထွက် အဓိက ဈေးကွက်ဝင် သီးနှံများအား နယ်စပ် ဖြတ်ကျော် တင်ပို့မှုသည် ဓာတု အဆိပ်သင့်မှု သို့မဟုတ် သီးနှံထုတ်ကုန် အရည်အသွေး အပေါ် စိုးရိမ်မကင်း ဖြစ်လာသဖြင့် တင်ပို့မှု လျော့ကျသွားကြောင်း ဆွေးနွေးမှုများ အရ သိရသည်။ မြစ်ရေချောင်းရေ ညစ်ညမ်းမှုကြောင့် ရေနေ သတ္တဝါများ အပေါ် ဆိုးရွားစွာ ထိခိုက်စေသဖြင့် ဒေသခံများ၏ ဝမ်းစာ အတွက် လုပ်ကိုင်နေသည့် ငါးလုပ်ငန်းကို ပျက်စီးစေသည် သာမက ကျွဲနွားတိရစ္ဆာန်များမှာလည်း

[43] https://warwick.ac.uk/fac/arts/schoolforcross-facultystudies/research/projects/rare_earth_mining_myanmar/briefing_paper_4_-_impacts_on_livelihoods_and_communities.pdf

မြစ်ချောင်းမှ ရေကို သောက်မိ၍ ဖျားနာသေဆုံးမှုများ ဖြစ်ပွားခဲ့ရာ မွေးမြူရေး အခြေပြု အသက်မွေးဝမ်းကျောင်း လုပ်ငန်းကိုပါ ထိခိုက်စေခဲ့ကြောင်း ကျွမ်းကျင်သူများက ထောက်ပြကြသည်။

၄၈။ သဘာဝ ပတ်ဝန်းကျင် ညစ်ညမ်းမှုသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ပျက်စီးရုံမျှမက ကျန်းမာရေး အကျပ်အတည်းကိုလည်း ပိုမို နက်ရှိုင်းစေခဲ့သည်။ နိုင်ငံနယ်စပ် တလျှောက် ပြေးဆွဲနေသည့် ပို့ဆောင်ရေး ကုန်တင်ကားကြီးများကြောင့် ကျေးရွာများတွင် ပြင်းထန်သည့် ဓာတုဖုန်မှုန့်များ ဖုံးလွှမ်းသွားခဲ့ကာ နေအိမ်များ အတွင်း အဆိပ်သင့် အမှုန် အမွှားများ ဝင်ရောက်ကာ အသက်ရှုရန်ပင် ခက်ခဲသည် အထိ လေထု ညစ်ညမ်းခဲ့ကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက တင်ပြခဲ့ကြသည်။ စွန့်ပစ်ရေများ စီးဝင်မှုကြောင့် ရေအရင်းအမြစ်များ ဆိုးရွားစွာ ညစ်ညမ်းခဲ့ပြီး မြစ်ချောင်း ရေစီးကြောင်း အောက်ပိုင်းရှိ ဒေသခံ ပြည်သူများမှာလည်း လုပ်ငန်းခွင်မှ သတ္တုတူးသည့် အလုပ်သမားများ နည်းတူ အကြီးစား မြေရှား သတ္တု ဒြပ်စင်များကြောင့် အဆိပ်သင့်ခြင်း၊ အသက်ရှုလမ်းကြောင်း ဆိုင်ရာ ဝေဒနာနှင့် ပြင်းထန်သော ကိုယ်တွင်းအင်္ဂါ ပျက်စီးမှုများကို ခံစားခဲ့ရသည်။ လက်နက်ကိုင် ပဋိပက္ခကြောင့် ကျန်းမာရေး ဝန်ဆောင်မှုများ ကင်းမဲ့နေခြင်းက ဤအခြေအနေကို ပိုမို ဆိုးရွားစေခဲ့ပြီး ကျေးလက် ဆေးခန်းများတွင်လည်း ဆေးဝါးနှင့် ကျန်းမာရေး ဝန်ထမ်း အလွန်အမင်း ရှားပါးသည့် ပြဿနာကို ရင်ဆိုင်နေရသည်။ ပြည်သူ့ ကျန်းမာရေး စောင့်ရှောက်မှု အခြေခံ အဆောက်အအုံ လုံးဝ မရှိခြင်းနှင့် ပုဂ္ဂလိက ဆေးခန်းများ၏ ဆေးကုသစရိတ် အလွန်မြင့်မားခြင်းတို့ကြောင့် ဓာတု အဆိပ်သင့်၍ ကိုယ်တွင်း အင်္ဂါ ပျက်စီးသူများသည် အသက် အန္တရာယ် စိုးရိမ်ရသော အဆင့် ရောက်မှသာလျှင် မြို့ကြီးများရှိ အထူးကု ဆေးရုံကြီးများသို့ ဆေးကုသရန် ရောက်ရှိလာကြောင်း တွေ့ဆုံ မေးမြန်းမှုများ အရ သိရသည်။ ယုံကြည်စိတ်ချရသော သဘာဝ ပတ်ဝန်းကျင်နှင့် ကျန်းမာရေး ဆိုင်ရာ အချက်အလက်များ မရှိခြင်းကြောင့် ကြိုတင်ကာကွယ်ရေး၊ တိကျသော ရောဂါ ရှာဖွေရေးနှင့် ထိရောက်သော ကြိုတင် ကုသရေး ကြိုးပမ်းမှုများ အတွက် အဟန့်အတား ဖြစ်စေကြောင်း တွေ့ဆုံ မေးမြန်းသူများက သတိပေးခဲ့သည်။

၄၉။ တောင်တန်းဒေသတွင် မြေဆီလွှာ မတည်ငြိမ်မှုကြောင့် မြေပြိုမှုများ ပိုမို ဆိုးရွားလာပြီး မုတ်သုံရာသီ အတွင်း လူ့အသက် ဆုံးရှုံးမှု များပြားလာကြောင်း ဒေသခံ လူမှု အသိုင်းအဝန်းများက အစီရင်ခံ သတင်းပို့ကြသည်။ ကုမ္ပဏီများသည် ဓာတုရည်အား မြေအောက် တိုက်ရိုက် သွတ်သွင်း၍ သတ္တု တူးဖော်သည့် ကွန်ရက်များ (in-situ leaching networks) တည်ဆောက်ရန် အတွက် သစ်တော ဧရိယာ အမြောက်အများကို ခုတ်ထွင်ရှင်းလင်းခဲ့သဖြင့် မြေဆီလွှာ လျင်မြန်စွာ ယိုယွင်းပျက်စီးစေပြီး မြေသား အလွန်အမင်း မတည်မငြိမ် ဖြစ်လာကာ ဆိုးရွားလှသည့် မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ မြေရှား သတ္တု တူးဖော်ရေး ဒေသများတွင် လူသေဆုံးမှု၊ ပျောက်ဆုံးမှုနှင့် နေရပ် စွန့်ခွာရမှုများ ဖြစ်စေသည့် မြေပြိုမှုများ နှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့သည့် နည်းတူ [44] ရှမ်းပြည်နယ် အရှေ့ပိုင်း၊ လွေမြစ် တစ်လျှောက်၌လည်း ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ နှောင်းပိုင်းမှ ဩဂုတ်လကုန် အထိ ရွံ့နွံများ ဖုံးလွှမ်းသည့် ဆိုးရွားလှသော ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။[45] ဂြိုလ်တုဓာတ်ပုံများအား လေ့လာချက် အရ "ဝ"အဖွဲ့ ထိန်းချုပ်ထားသော အဆိုပါ ရေကြီးခဲ့သည့် မြစ်၏ မြစ်ဖျားပိုင်း အနီးတွင် မြေရှား သတ္တု တူးဖော်သည့် နေရာ ၃၀ ကျော်ကို တွေ့ရှိခဲ့ရသည်။[46] ဤသို့ ဆိုးရွားလှသည့် ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးမြေများနှင့် ကောက်ပဲ သီးနှံများ ပျက်စီးခဲ့ရပြီး ပတ်ဝန်းကျင်ရှိ ဒေသခံ ပြည်သူများ ချက်ချင်းလက်ငင်း ဘေးအန္တရာယ် ကျရောက်စေသည့် အပြင်

---

[44] https://www.info-res.org/app/uploads/2025/05/Rare-Earth-Mining-Report.pdf တွင် ကြည့်ရှုပါ။

[45] https://progressivevoicemyanmar.org/2025/09/18/mud-laden-floods-destroy-farmlands-in-mong-khark-downstream-of-northern-uwsa-rare-earth-mines တွင် ကြည့်ရှုပါ။

[46] https://www.stimson.org/2025/toxic-rare-earth-mining-is-ruining-mekong-tributaries-in-the-golden-triangle/ တွင် ကြည့်ရှုပါ။

တောင်သူ လယ်သမားများ၏ အသက်မွေး ဝမ်းကျောင်းကိုပါ ဆိုးရွားစွာ ထိခိုက် နစ်နာစေခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ် တစ်ဝန်းတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ မကြာခဏ ဆိုသလို ပိုမို ပြင်းထန်စွာ ဖြစ်ပွားလာသဖြင့် ယာယီ နေရပ်စွန့်ခွာ တိမ်းရှောင်ရမှုများ ရှိလာကြောင်း ဒေသတွင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ မြေသား မတည်မငြိမ် ဖြစ်မှုနှင့် မြေပြိုနိုင်သည့် အန္တရာယ် အပြင် ကြီးကြပ်ကွပ်ကဲမှု ကင်းမဲ့နေသည့် စက်မှု လုပ်ငန်း အလေ့အထသည် အရပ်သား ပြည်သူများ အတွက် အန္တရာယ် ရှိသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၂၆ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် တအောင်း အမျိုးသား လွတ်မြောက်ရေး တပ်မတော်၏ ထိန်းချုပ်မှု အောက်ရှိ နမ့်ခမ်း မြို့နယ် အတွင်း ကြီးကြပ်မှု ကင်းမဲ့နေသော လုပ်ငန်းခွင် တစ်ခုတွင် အလွန် ပြင်းထန်သည့် ပေါက်ကွဲမှုကြီး တစ်ခု ဖြစ်ပွားခဲ့ရာ လူ ၅၀ ခန့် အသက် ဆုံးရှုံးပြီး ၇၀ ကျော် ဒဏ်ရာ ရခဲ့ကာ နေအိမ် အများအပြား ပျက်စီးခဲ့ရုံ သာမက ဒေသခံ အများအပြား နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။[47] ဤမျှ ဆိုးရွားလှသည့် ဘေးအန္တရာယ်များ ရှိနေသော်လည်း ကြိုတင် သတိ ပေးရေးနှင့် အကာအကွယ် ပေးရေး စနစ်မှာ လုံးဝ မရှိပေ။ ‘ဝ’ ထိန်းချုပ် နယ်မြေများတွင် သဘာဝ ဘေးအန္တရာယ် သတိ ပေးချက်များကို ဒေသခံ တိုင်းရင်းသားများ အသုံးမပြုသည့် လူမှု ကွန်ရက် ပလက်ဖောင်းများ ပေါ်တွင်သာ တရုတ် ဘာသာ စကားဖြင့် သီးသန့် ထုတ်ပြန်လေ့ ရှိခဲ့သဖြင့် သတင်း အချက်အလက် ကွာဟမှုများ ဖြစ်စေခဲ့ပြီး အချိန်မီ အသက်ကယ်ဆယ်ရေး ဆိုင်ရာ တုံ့ပြန် ဆောင်ရွက်မှုများ အပေါ် ကြီးမားစွာ ထိခိုက်စေခဲ့ကြောင်း တွေ့ဆုံ မေးမြန်းသူများက အစီရင် ခံခဲ့ကြသည်။

## ၆။ နိဂုံးနှင့် အကြံပြုချက်များ

၅၀။ **စစ်တပ် အာဏာသိမ်းပြီးနောက် ငါးနှစ်ကျော် ကာလအတွင်း အရပ်သားများနှင့် လူနည်းစု အသိုင်းအဝန်းများ၏ လူ့အခွင့်အရေး အခြေအနေမှာ အလွန်အမင်း ယိုယွင်း ကျဆင်းလာခဲ့သည်။ အကြောက်တရား ကြီးစိုးရန်နှင့် ထိန်းချုပ်မှု အားကောင်းရန် ရည်ရွယ်သည့် မြန်မာ စစ်တပ်၏ နည်းဗျူဟာများသည် စောင့်ကြည့် ထောက်လှမ်းရေး နည်းပညာသစ်များကို တိုးချဲ့အသုံးချခြင်းဖြင့် ပြည်သူ လူထု၏ နေ့စဉ်ဘဝ ကဏ္ဍပေါင်းစုံ အထိ စိမ့်ဝင်ပျံ့နှံ့လျက် ရှိသည်။ ပိုမို ပြင်းထန်လာသော လေကြောင်း တိုက်ခိုက်မှုများ၊ မီးရှို့ ဖျက်ဆီးမှုများ၊ အခြေခံ အဆောက်အအုံ ပျက်စီးမှုများ၊ နေရပ် စွန့်ခွာမှုနှင့် အကူအညီများ ပိတ်ဆို့ခံရခြင်း၏ အကျိုးဆက် အဖြစ် ဘေးကင်းလုံခြုံမှု အခြေအနေမှာ ဆုတ်ယုတ် ပျက်ပြားသွားခဲ့ရသည်။ မြန်မာ နိုင်ငံတစ်ဝှမ်းရှိ ဒေသ အများအပြားတွင် စားနပ်ရိက္ခာ ရှားပါးလာသည်နှင့် အမျှ နေ့စဉ် အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းရန် ပို၍ ခက်ခဲလာခဲ့သည်။ အရပ်သား ပြည်သူများသည် လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ လိင်နှင့် ဂျန်ဒါ အခြေပြု ခွဲခြား ဆက်ဆံမှုများ အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စော်ကားမှုနှင့် ခေါင်းပုံဖြတ်မှု အန္တရာယ်များ သာမက အဓမ္မ စစ်သား စုဆောင်းခြင်း၊ အစဖျောက်ခြင်း၊ ခြိမ်းခြောက် ငွေညှစ်ခြင်းနှင့် အဓမ္မ နေရပ် စွန့်ခွာစေခြင်းတို့ကို နေ့တဓူဝ သက်တာတွင် ကြုံတွေ့ ခံစားကြရသည်။**

၅၁။ **နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် အကျပ်အတည်းကို ရေရှည်တည်တံ့စေမည့် နည်းဖြင့် ဖြေရှင်း အဆုံးသတ်ရမည့်အစား နိုင်ငံကို ထိန်းချုပ်ရေးနှင့် တရားဝင်မှု ရရှိရေး အတွက်သာ ရည်ရွယ်၍ မဆုတ်မနစ် အားထုတ်ကြိုးပမ်းသည့် မြန်မာ စစ်တပ်၏ လုပ်ရပ်ကြောင့် အရပ်သား ပြည်သူများ ရင်ဆိုင်နေရသော ဆင်းရဲဒုက္ခများမှာ ပိုမို ဆိုးရွားလာခဲ့ပြီး အသက်ဘေး အန္တရာယ်မှ လုံခြုံရေးနှင့် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာ စိုးရိမ်စဖွယ် အကျပ်အတည်း ဒုက္ခ ပေါင်းစုံကို ပိုမို နက်ရှိုင်းစေခဲ့ပါသည်။ မြန်မာ စစ်တပ်က ကုန်စည်များအား ပိတ်ဆို့ထားခြင်းကြောင့်**

[47] https://taangland.org/category/statement/6a1c1745d90e1 တွင် ကြည့်ရှုပါ။

အကူအညီများ ရောက်မလာစေရန် စနစ်တကျ ဖြတ်တောက်ရာ ရောက်ပြီး အတိုက်အခံများကို ချေမှုန်းကာ အတင်းအကျပ် နာခံစေရန် ကြိုးပမ်းမှု အဖြစ် အရပ်သား ပြည်သူများကိုပါ ပစ်မှတ်ထား ဖိအားပေးခဲ့သည်။ ဤလုပ်ရပ်သည် စားနပ်ရိက္ခာ မလုံလောက်မှုကို ပိုမို ဆိုးရွားစေခဲ့ပြီး စီးပွားရေး ပြိုလဲစေခဲ့ရာ အထူးသဖြင့် ရိုဟင်ဂျာများအား ထိခိုက်စေခဲ့ပြီး မြန်မာနိုင်ငံတွင် ၎င်းတို့ ရှင်သန် ရပ်တည်နိုင်စွမ်းကို ဆိုးရွားစွာ ခြိမ်းခြောက်လျက် ရှိသည်။ အာရက္ခ တပ်တော် ထိန်းချုပ်ရာ နယ်မြေများတွင် ရိုဟင်ဂျာ ဒေသခံများသည် သတ်ဖြတ်ခြင်း၊ အစဖျောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ အဓမ္မ နေရပ်စွန့်ခွာစေခြင်း၊ အဓမ္မ စစ်သား စုဆောင်းခြင်းနှင့် အတင်းအကျပ် လုပ်အားပေး ခိုင်းစေခြင်း အပါအဝင် နေအိမ်နှင့် မြေယာ သိမ်းဆည်းခြင်းတို့ကို စဉ်ဆက်မပြတ် ရင်ဆိုင်နေရသည့် အပြင် ၎င်းတို့၏ အမှတ် သင်္ကေတကိုလည်း အမြဲတစေ ငြင်းပယ်နေကြသည်။ ရိုဟင်ဂျာ အရပ်သားများသည် ရှင်သန်ရပ်တည်ရေး အတွက် ရွေးချယ်စရာ အလွန် နည်းပါးနေပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခြင်း သို့မဟုတ် အန္တရာယ်များလှသော ပင်လယ်ပြင် ရေလမ်း ခရီးကို စွန့်စားရွေးချယ်ခြင်းက ရခိုင်ပြည်နယ်တွင်း အခြေအနေထက် သာလွန်သည်ဟု ယူဆသဖြင့် အရှေ့တောင် အာရှ ဒေသတွင်း နိုင်ငံများသို့ ဝင်ရောက်လာကြရာ ၎င်းနိုင်ငံများ အပေါ် အချိုးအစား မညီမျှသော ဝန်ထုပ်ဝန်ပိုးများ ကျရောက်စေခဲ့သည်။

၅၂။ ဤအကျပ်အတည်းကြောင့် အရှေ့တောင် အာရှ ဒေသတွင်း နိုင်ငံများ၌ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မှောင်ခိုကူးခြင်း၊ အွန်လိုင်း ငွေလိမ် လုပ်ငန်းများနှင့် တရားမဝင် သတ္တု တူးဖော်ခြင်း အစ ရှိသည့် တရားမဝင် စီးပွားရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြီးထွားလာသည်ကို ထင်ရှားစွာ တွေ့မြင်ရသည်။ ဤအခြေအနေသည် ဆယ်စုနှစ်နှင့် ချီ၍ ဒေသခံများ၏ ရှင်သန် ရပ်တည်မှုကို အထောက်အကူ ပြုခဲ့သည့် သဘာဝ ပတ်ဝန်းကျင်၊ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများနှင့် ထုံးတမ်း အစဉ်အလာဖြင့် ဖွဲ့စည်းထားသော လူမှုရေး စနစ်များကို ဖျက်ဆီးနေသည့် ပဋိပက္ခကို အခြေခံသည့် စီးပွားရေး စနစ်ကို အခိုင်အမာ အမြစ်တွယ်စေခဲ့ပါသည်။ ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ် အတွင်းရှိ တရားမဝင် စီးပွားရေး လုပ်ငန်းများနှင့် မြေရှား သတ္တု တူးဖော်ရေး လုပ်ငန်းများသည် နိုင်ငံဖြတ်ကျော် ရာဇဝတ် ကွန်ရက်များ ချဲ့ထွင်လာမှုကို အရှိန် မြှင့်တင်ပေးခဲ့ပြီး ကြီးလေးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အတူ နိုင်ငံနယ်နိမိတ် ဖြတ်ကျော်၍ သဘာဝ ပတ်ဝန်းကျင် အပေါ် ဆိုးရွားစွာ ညစ်ညမ်းမှုကိုပါ ဖြစ်ပေါ်စေခဲ့ပါသည်။ စီးပွားရေး အခွင့်အလမ်း နည်းပါးခြင်း၊ ဆေးဝါး ကုသခွင့် မရခြင်း၊ ဓာတုပစ္စည်း ကိုင်တွယ်ခြင်း ဆိုင်ရာ ဘေးအန္တရာယ်များ မသိ နားမလည်ခြင်းနှင့် ဥပဒေ အရ အကာအကွယ် မဲ့ခြင်းတို့ကြောင့် အရပ်သားနှင့် လူနည်းစု အသိုင်းအဝန်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသော စနစ်ဆိုး တစ်ခု အတွင်းသို့ သွတ်သွင်းခံနေကြရသည်။

၅၃။ အထက်ဖော်ပြပါ တွေ့ရှိချက်များ အပေါ် အခြေခံ၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးသည် မြန်မာ စစ်တပ်အား အောက်ပါအတိုင်း တိုက်တွန်း တောင်းဆိုလိုက်သည်။

(က) လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ (၂၀၂၂) နှင့် အညီ အရပ်သားနှင့် အရပ်ဘက် အဆောက်အအုံများ အပေါ် ပစ်မှတ်ထား တိုက်ခိုက်မှု အပါအဝင် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှုများ အားလုံးကို ချက်ချင်း ရပ်တန့်ရန်။

(ခ) အကူအညီ လိုအပ်နေသော အရပ်သားများထံသို့ လူသားချင်း စာနာထောက်ထားမှု အကူအညီများကို အတားအဆီး မရှိ ရောက်ရှိနိုင်ရေး အတွက် ခွင့်ပြုရန်နှင့် လွယ်ကူ ချောမွေ့အောင် ဆောင်ရွက်ပေးရန်။ စားနပ်ရိက္ခာ၊ ဆေးဝါး၊ မရှိမဖြစ် လိုအပ်သည့်

ပစ္စည်းများ ထောက်ပံ့ပို့ဆောင်မှု အပါအဝင် ဆက်သွယ်ရေး ဝန်ဆောင်မှုများ အပေါ် ကန့်သတ်ထားမှုများကို ပယ်ဖျက်/ ရုတ်သိမ်းပေးရန်။

(ဂ) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် မညီညွတ်သည့် လုပ်ရပ် ဖြစ်သည့် ကလေး သူငယ်နှင့် ရိုဟင်ဂျာများအား စစ်သား စုဆောင်းခြင်း အပါအဝင် စစ်သား စုဆောင်းမှု ပုံစံအားလုံးကို အဆုံးသတ်ရန်နှင့် အဆိုပါ စုဆောင်းခံရသူ အားလုံးကို ချက်ချင်း ပြန်လည် လွတ်မြောက်စေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) နိုင်ငံရေး အကြောင်းပြချက်များဖြင့် ဖမ်းဆီးခံရသူများ အပါအဝင် မတရား ဖမ်းဆီး ထိန်းသိမ်းခံထားရသည့် အကျဉ်းသား အားလုံးကို မဆိုင်းမတွ ပြန်လွှတ်ပေးရန်။ စစ်မှုထမ်းရန် တိမ်းရှောင်ခြင်း သို့မဟုတ် ငြင်းဆန်ခြင်းကြောင့် မတရား ဖမ်းဆီး ချုပ်နှောင်ခံထားရသူများ အပါအဝင် မတရား လွတ်လပ်ခွင့် ဆုံးရှုံးခံရသော အခြား လူပုဂ္ဂိုလ်များ အတွက် ထိရောက်သော ကုစားမှု ရရှိရေး အတွက် ဆောင်ရွက်ရန်။

(င) ရိုဟင်ဂျာ လူမှု အသိုင်းအဝန်းမှ ပုဂ္ဂိုလ်များအား သတ်ဖြတ်ခြင်း၊ ကိုယ်လက် အင်္ဂါ မသန်စွမ်းစေခြင်း၊ မတရား ဖမ်းဆီးခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်း၊ အဓမ္မ စစ်သား စုဆောင်းခြင်းနှင့် နေရပ်စွန့်ခွာစေခြင်း စသည့် လုပ်ရပ်များကို ရှောင်ကြဉ်ခြင်း အားဖြင့် ၎င်းတို့အား ကာကွယ်စောင့်ရှောက်ရန်။

(စ) မြေရှား သတ္တုတူးဖော်သည့် ဆက်စပ် အဖွဲ့အစည်းများ၏ စည်းမဲ့ကမ်းမဲ့ သယံဇာတ တူးဖော်မှု လုပ်ငန်းများ အားလုံး ရပ်တန့်ရန်နှင့် သတ္တု တူးဖော်ရေးနှင့် အခြား ပင်မ အခြေခံ အဆောက်အအုံ စီမံကိန်းကြီးများတွင် သဘာဝ ပတ်ဝန်းကျင် ကာကွယ် စောင့်ရှောက်ရေးနှင့် လူ့အခွင့်အရေး လေးစား လိုက်နာမှု ရှိစေရန်။

၅၄။ အာရက္ခ တပ်တော်အား ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက အောက်ပါ အတိုင်း အကြံပြု တိုက်တွန်းလိုက်သည်။

(က) ရိုဟင်ဂျာများ၏ အမှတ် လက္ခဏာကို အသိအမှတ် ပြုခြင်းနှင့် အရပ်သားများကို အကာအကွယ် ပေးရေး ဆိုင်ရာ တာဝန် ဝတ္တရားများကို အပြည့်အဝ လေးစား လိုက်နာစေခြင်း အပါအဝင် ရိုဟင်ဂျာများ အပေါ် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှု အားလုံးကို ချက်ချင်း ရပ်တန့်ရန်။

(ခ) ရိုဟင်ဂျာ ကျေးရွာများအား သိမ်းယူခြင်း၊ အခြား ရည်ရွယ်ချက် အတွက် ပြောင်းလဲ အသုံးချခြင်း၊ အခြားသူများအား ပြန်လည် ခွဲဝေ နေရာချထားခြင်းနှင့် အမည် ပြောင်းလဲခြင်း စသည့် လုပ်ရပ် အားလုံးကို ရပ်တန့်ခြင်း အားဖြင့် ရိုဟင်ဂျာများ၏ မြေယာနှင့် ပိုင်ဆိုင်မှု အခွင့်အရေးများကို အပြည့်အဝ လေးစား လိုက်နာရန်နှင့် ရိုဟင်ဂျာများ ဘေးကင်းလုံခြုံ၍ ဂုဏ်သိက္ခာ ရှိစွာ နေရပ်ပြန်ခွင့် ပြုရန်။

(ဂ) ရိုဟင်ဂျာ အမျိုးသမီး၊ မိန်းကလေးနှင့် ယောကျာ်းလေးများ အပါအဝင် မတရား ဖမ်းဆီး ထိန်းသိမ်းခံထားရသူများနှင့် အဓမ္မ စစ်သား စုဆောင်းခံထားရသူများ အားလုံးကို ပြန်လွှတ်ပေးရန်။ အစဖျောက်ခံ ထားရသူများ၏ အခြေအနေမှန်

ကံကြမ္မာနှင့် ၎င်းတို့ ရောက်ရှိနေသည့် နေရာများကို ထုတ်ဖော် အသိပေးရန်နှင့် ဤကဲ့သို့သော လုပ်ရပ်များအား ထပ်မံ ကျူးလွန်ခြင်းမှ တားဆီး ရပ်တန့်ရန်။

၅၅။ အမျိုးသား ညီညွတ်ရေး အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် စစ်အာဏာရှင် ဆန့်ကျင်ရေး လက်နက်ကိုင်အဖွဲ့များ အပါအဝင် သတ္တုတူးဖော်ရေး နယ်မြေများကို ထိန်းချုပ်ထားသည့် အဖွဲ့အစည်းများအား ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက အောက်ပါအတိုင်း အကြံပြုတိုက်တွန်းလိုက်သည်။

(က) နိုင်ငံတကာ လူသားချင်း စာနာထောက်ထားမှု ဥပဒေ ချိုးဖောက်မှုနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှု လုပ်ရပ် အားလုံးကို ရပ်တန့်ရန်။

(ခ) မည်သည့် ပုံစံဖြင့်မဆို တရား လက်လွတ် ဥပဒေမဲ့ သတ်ဖြတ်မှု ပုံစံအမျိုးမျိုးကို ရှောင်ကြဉ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုများကို တရားမျှတပြီး ယုံကြည်စိတ်ချရသော တာဝန်ခံမှု ယန္တရားများမှ တစ်ဆင့် အချိန်နှင့် တပြေးညီ ပွင့်လင်းမြင်သာစွာ မပျက်မကွက် ဖြေရှင်းဆောင်ရွက်ပေးခြင်းနှင့် နစ်နာသူများ အနေဖြင့် ကုစားမှုနှင့် နစ်နာကြေးများ ရရှိစေရေး အတွက် အာမခံပေးခြင်း အပါအဝင် အရပ်သားများအား ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်ကို လေးစားလိုက်နာရေးနှင့် အာမခံချက် ရှိစေရေး အတွက် တိကျသော လုပ်ငန်းစဉ်များအား ချမှတ် ဆောင်ရွက်ရန်။

(ဂ) အတင်းအကျပ် စစ်သား စုဆောင်းသည့် လုပ်ရပ်များ အားလုံး၊ အထူးသဖြင့် ကလေး သူငယ်နှင့် ရိုဟင်ဂျာများအား ပစ်မှတ်ထားကာ စစ်သား စုဆောင်းသည့် လုပ်ရပ်ကို ရပ်တန့်ရန်နှင့် ၎င်းတို့အားလုံးကို ချက်ချင်း ပြန်လည် လွတ်မြောက်ရေး အတွက် အကောင်အထည် ဖော်ဆောင်ရန်။

(ဃ) သဘာဝ သယံဇာတများကို စည်းမဲ့ကမ်းမဲ့ တူးဖော်ထုတ်ယူမှု ဖြစ်စဉ်များ အားလုံးကို ချက်ချင်း အဆုံးသတ်ရန်၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ထိခိုက်နစ်နာသော အသိုင်းအဝန်းများ၏ အခွင့်အရေး အပါအဝင် လူ့အခွင့်အရေးကို လေးစားလိုက်နာမှု ရှိစေရေး အတွက် အာမခံချက် ရှိစေရန်။

(င) ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေများ အတွင်း သယံဇာတ တူးဖော်ထုတ်ယူမှု လုပ်ငန်းစဉ်များကြောင့် လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင် အပေါ် ဆိုးကျိုး သက်ရောက်မှုများကို တားဆီးကာကွယ်ရန်၊ လျော့ပါး သက်သာစေရန်နှင့် ဖြေရှင်း ကိုင်တွယ်ရန် အတွက် သင့်လျော်သော ကြိုးကြပ်ကွပ်ကဲမှုများအား ဖော်ဆောင်ရန်။

(စ) သယံဇာတ စီမံခန့်ခွဲမှု လုပ်ငန်းစဉ် အားလုံးတွင် အမျိုးသမီးများနှင့် ဒေသခံ လူမှု အသိုင်းအဝန်းများ မဖြစ်မနေ ပါဝင်နိုင်မည့် အဓိပ္ပာယ် ပြည့်ဝသော ကိုယ်စားပြုခွင့် သေချာစွာ ရရှိရန်နှင့် လိင်နှင့်ဂျန်ဒါ အခြေပြု အကြမ်းဖက်မှုနှင့် အလုပ်သမားများ အပေါ် ခေါင်းပုံဖြတ်ခြင်းကို လုံးဝ သည်းမခံသည့် ယန္တရားများ (zero-tolerance mechanisms) ကို အကောင်အထည် ဖော်ဆောင်ရန်။

၅၆။ **စီးပွားရေး လုပ်ငန်းများသို့ ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက အောက်ပါအတိုင်း အကြံပြုတိုက်တွန်းလိုက်သည်။**

(က) မြေရှား သတ္တု တူးဖော်ခြင်း၊ ဝယ်ယူခြင်း၊ သန့်စင်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ငွေကြေး ထောက်ပံ့ခြင်း သို့မဟုတ် ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းတွင် ပါဝင်ပတ်သက်နေသော ကုမ္ပဏီများသည် 'စီးပွားရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာ လမ်းပြအခြေခံမူများ' (Guiding Principles on Business and Human Rights) နှင့်အညီ အန္တရာယ် ဖြစ်နိုင်ခြေ အဆင့်နှင့် အချိုးညီမျှသော လူ့အခွင့်အရေး ဆိုင်ရာ ကြိုတင်စိစစ် အကဲဖြတ်မှု (human rights due diligence) ကို ပြုလုပ်ပြီး ပြင်းထန်သော ဆိုးကျိုး သက်ရောက်မှုများကို မတားဆီးနိုင် သို့မဟုတ် မလျှော့ပါး စေနိုင်သည့် အခြေအနေများတွင် လုပ်ငန်းများကို ဆိုင်းငံ့ခြင်း သို့မဟုတ် အပြီးတိုင် ရပ်စဲသင့်ကာ ထိခိုက်နစ်နာမှု ဖြစ်စေခဲ့လျှင် သို့မဟုတ် ထိခိုက်နစ်နာစေရန် ပါဝင် အားဖြည့်ခဲ့ပါက ပြန်လည် ကုစားရေးကို ဖော်ဆောင်ခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

၅၇။ **ထို့အပြင် ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ အနေဖြင့် မြန်မာ နိုင်ငံ အခြေအနေကို နိုင်ငံတကာ ရာဇဝတ် တရားရုံး (ICC) သို့ အပြည့်အဝ လွှဲပြောင်းပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာ မဟာမင်းကြီးက ထပ်လောင်း တောင်းဆိုလိုက်ပြီး အာဆီယံ အပါအဝင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအား အောက်ပါအတိုင်း အကြံပြု တိုက်တွန်းလိုက်သည်။**

(က) နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုကို အားပေးကူညီရာ ရောက်နိုင်သည့် ထင်ရှားသော အန္တရာယ် ရှိသည့် အတွက် စစ်လက်နက်၊ ဆက်စပ် အစိတ်အပိုင်းနှင့် ကိရိယာများ၊ ခဲယမ်းမီးကျောက်နှင့် စစ်ပစ္စည်းများ အပြင် ဂျက်လေယာဉ်ဆီနှင့် အရပ်ဘက် စစ်ဘက် နှစ်မျိုးသုံးနိုင်သည့် ပစ္စည်းများကို မြန်မာ နိုင်ငံသို့ လွှဲပြောင်း တင်ပို့နေမှုကို ရပ်တန့်ရန်နှင့် တားဆီးရန်။

(ခ) မြန်မာ စစ်တပ် အုပ်ချုပ်ရေး ဆက်လက် တည်ရှိနေခြင်းသည် ကာလ ကြာရှည် ဖြစ်ပွားနေသော အကျပ်အတည်းကို အဆုံးသတ်နိုင်မည့် ရေရှည်တည်တံ့သော မည်သည့် ဖြေရှင်းနည်းကို မဆို ဆိုးရွားစွာ ထိခိုက်စေနိုင်သောကြောင့် မြန်မာ စစ်တပ်က အရပ်သား အုပ်ချုပ်ရေး အာဏာကို ဟန်ဆောင် ကျင့်သုံးနေမှု အပေါ် နိုင်ငံရေး အရ တရားဝင်မှု ပေးခြင်း မပြုဘဲ ရှောင်ကြဉ်ရန်။

(ဂ) နယ်မြေစိုးမိုးမှု ရှိသော လူ့အခွင့်အရေး ခံစားခွင့် ပေးနိုင်သည့် တာဝန်ရှိ အဖွဲ့များ (Duty-bearers)၊ ဒီမိုကရေစီ အင်အားစု အားလုံးနှင့် မူဝါဒ အခြေခံသော စနစ်တကျ ထိတွေ့ဆက်ဆံမှု အပါအဝင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော အခြေအနေများ ဖန်တီးပေးနိုင်ရန် ဒီမိုကရေစီ၊ တရားမျှတမှုနှင့် မြန်မာ ပြည်သူများ ရပိုင်ခွင့် ရှိသော လူ့အခွင့်အရေး အားလုံး အတွက် မြန်မာ ပြည်သူလူထု၏ တောင်းဆိုချက်များကို နိုင်ငံရေးနှင့် ဘဏ္ဍာရေး အရပါ ထောက်ခံ ပံ့ပိုးပေးရန်။

(ဃ) စစ်တပ်နှင့် နိုင်ငံရေးအရ ဆွေးနွေးမှုများ ပြုလုပ်ရာတွင် အကြမ်းဖက်မှုများ လျှော့ချရေး၊ အရပ်သားများအား အကာအကွယ် ပေးရေး၊ လူသားချင်း စာနာ

ထောက်ထားမှု အကူအညီများ ဝင်ရောက်ခွင့် ပေးရေးနှင့် နိုင်ငံရေး အကျဉ်းသား အားလုံး လွှတ်ပေးရေးတို့ အပါအဝင် နိုင်ငံတကာ ဥပဒေများကို လိုက်နာရာ၌ အတည်ပြုနိုင်ပြီး အဓိပ္ပာယ် ပြည့်ဝသော တိုးတက်မှုများ ရှိစေရေး အတွက် အခိုင်အမာ တောင်းဆိုရန်။

(င) လုံခြုံရေး ကင်းမဲ့မှုကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာသူများကို ဆက်လက် ကူညီ ပံ့ပိုးပေးရန်နှင့် အရပ်သားများကို နေရပ် ပြန်မပို့ခြင်းနှင့် အန္တရာယ် ရှိရာ မြန်မာ နိုင်ငံသို့ အတင်းအကျပ် ပြန်လည်ပို့ဆောင်မှုမှ ရှောင်ရှားခြင်း အပါအဝင် မြန်မာ ပြည်သူများ၏ ကိုယ်ရေး အထောက်အထား စာရွက်စာတမ်းများနှင့် တရားဥပဒေ ဆိုင်ရာ အကာအကွယ်များ မရရှိစေရန် ရည်ရွယ်သည့် မြန်မာ စစ်တပ်၏ လုပ်ရပ်ကို တန်ပြန်မည့် အစီအမံများ ချမှတ်ဆောင်ရွက်ရန်။

(စ) အရပ်ဘက် လူမှု အဖွဲ့အစည်းများနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ လူ့အခွင့်အရေး ကာကွယ် စောင့်ရှောက်သူများ အတွက် လွယ်ကူ ရှင်းလင်းသော ရန်ပုံငွေ ထောက်ပံ့ ပေးအပ်ခြင်းနှင့်အတူ မြေရှားသတ္တု တူးဖော်ခြင်းကြောင့် သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့ အပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ ဘက်စုံ လွှမ်းခြုံနိုင်သော အချက်အလက် ကောက်ယူ စုဆောင်းမှုများကို ပံ့ပိုး ကူညီရန်။

(ဆ) စီးပွားရေးနှင့် ဆက်စပ်သော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကြောင့် ထိခိုက် နစ်နာသူများ အတွက် ထိရောက်သော ကုစားခွင့် ရရှိစေရေး အတွက် အာမခံချက် ရှိစေရန်။